MAP FOUNDATION

Women Exchange

# WHAT TO DO IN CASE OF SEXUAL VIOLENCE FOR MIGRANT WOMEN




**2008**

**UPDATED VERSION**

Burmese Version

ISBN. 978-974-604-731-9

ထုတ်ဝေသည့်နေ့ရက် ဒီဇင်ဘာ ၂၀၀၈
ထုတ်ဝေသူ MAP Foundation
P.O.Box 7
Chiangmai University
Chaingmai 50202
Tel/fax: 053 811 202
Email: map@mapfoundationcm.org,
women@mapfoundationcm.org
Website: www.mapfoundationcm.org
Design & layout: MAP Media Support Unit
စုဆောင်းသူ (AAA , Women Exchange project)
Updated copies printed ၁၀၀၀ အုပ်

Copyright © MAP Foundation 2008

Printed in Thailand by Prachakorn Business co.
146/106-7 mahidol rd. T. Tasala Chiangmai 50000
Tel: 053 308 771-2
Fax: 053 308 773
Email: pprint@asia.com

Burmese ARM.pmd Su Su.pmd 3 17/12/2008, 10:08

## အလိုအလျောက်တုန့်ပြန်ဆောင်ရွက်သည့်စနစ်

# ARM
## ၂၀၀၈ တွင်
## ပြန်လည်ပြင်ဆင်ဖြည့်စွက်ခြင်း

## ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများအပေါ်
## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုခံရပါက  ဆောင်ဝါတ်ရန်။

# အမျိုးသမီး နှီးနှောဖလှယ်ပွဲ
## (Women Exchange)
## MAP Foundation

*နှင့် အကူအညီပေးသည့် အဖွဲ့အစည်းများ*

American Jweish World Service (AJWS)

နှင့်

Foundation For the People of Burma (FPB) တို့၏ ထောက်ပံ့မှုဖြင့် စီစဉ်ထုတ်ဝေသည်



Burmese ARM.pmd Su Su.pmd 4 17/12/2008, 10:08

# မာတိကာ

စဉ် | စာမျက်နှာ


- ကျေးဇူးတင်လွှာ .................... ၆
- မိတ်ဆက်နိဒါန်း.................... ၈
- အလိုအလျှောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ကို အသုံးပြုနည်း.................... ၁၅
- အလိုအလျှောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏အဆင့်များ.................... ၁၇
- အဆင့် (၁) မုဒိမ်းကျင့်ခံရသူ ကာယကံရှင်က ပထမဆုံးဆက်သွယ်ဖွင့် ပြောခြင်း.................... ၂၀
- အဆင့် (၂) မုဒိမ်းကျင့်ခံရသူ ပထမဆုံးဆက်သွယ်၍ပြောကြားသည့်ပုဂ္ဂိုလ်မှသူမကို အမျိုးသမီးအဖွဲ့အစည်းများ သို့မဟုတ် NGO များထံသို့လိုက်ပါပို့ ဆောင်ပေးခြင်း။.................... ၂၄
- အဆင့် (၃) အားပေးပံ့ပိုးသူမှ အကျူးလွန်ခံရသူအားကျန်းမာရေးဌာန သို့မဟုတ်ဆေးရုံသို့ လိုက်ပါပို့ဆောင်ခြင်း.................... ၂၈
- အဆင့် (၄) အားပေးပံ့ပိုးသူ၊ အဖွဲ့အစည်းမှမုဒိမ်းကျင့်ခံရသူအား ကူညီထောက်ပံ့မှုများပေးခြင်း.................... ၃၂
- အဆင့် (၅) အားပေးပံ့ပိုးသူနှင့် မုဒိမ်းကျင့်ခံရသူမှ ဂရုဏာသက်သူအဖွဲ့အစည်းများ၊ ဌာနများသို့သတင်းပို့ ခြင်းနှင့် အစီရင်ခံစာတင်သွင်းခြင်း.................... ၃၄
- အဆင့် (၆) အားပေးပံ့ပိုးသူနှင့် မိဒိမ်းကျင့်ခံရသူမှ အမှုကိုရဲထံသို့တိုင်ကြားခြင်း.................... ၃၈
- မဆင့် (၇) အမှုအတွက် ရဲများနှင့်ဆက်လက်၍ဆက်သွယ်ဆောင်ရွက်ခြင်း.................... ၄၂
- အဆင့် (၈) တရားရုံး၌အမှုကို စွဲချက်တင်ရန်စောင့်ဆိုင်းခြင်း.................... ၄၄
- အဆင့် (၉)တရားရုံး၌ အမှုရင်ဆိုင်ခြင်း.................... ၄၆
- အဆင့် (၁၀) စီရင်ချက်ချမှတ်ပြီးစီးခြင်း.................... ၄၈
- ထိုင်းရာဇဝင်ဝတ်မှုဥပဒေအရလိင်ပိုင်းဆိုင်ရာပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်၍ဖော်ပြချက်...... ၄၉
- နောက်ဆက်တွဲ (၁).................... ၅၁
- နောက်ဆက်တွဲ (၂) .................... ၅၄

## ကျေးဇူးတင်လွှာ

မိမိအပေါ်မုဒိမ်းမှုကျူးလွန်ခဲ့သူများကို ထိုင်းနိုင်ငံစစ်ခုံရုံးသို့ ယခုနှစ်အတွင်း ပို့ဆောင်နိုင်ခဲ့ကြသည့်မြန်မာနိုင်ငံမှအမျိုးသမီးငယ်များနှင့် မိန်းကလေးများအား အထူးလေးစားဂုဏ်ပြုပါကြောင်း ပဏာမအားဖြင့် မှတ်တမ်းတင်ပါသည်။ ဥပဒေကြောင်းအရ အမှန်တရားဖော်ထုတ်ရေးအတွက် သူမတို့၏ ရှန်းကန်ကြိုးပမ်း အားထုတ်မှုနှင့် ယင်းအမှုကိစ္စ ဖြစ်စဉ်တလျှောက်လုံးပံ့ပိုးကူညီခဲ့ကြသောသူများကြုံတွေ့ခဲ့ကြရသည့်ရှုတ်ထွေးမှုများကအလိုအလျောက် တုံ့ပြန်ဆောင်ရွက်သည့်စနစ်တခု (ARM) ဖြစ်လာစေရန် အထောက်အကူပြု တွန်းအားပေးစေ့ဆော်ခဲ့ခြင်းဖြစ်ပါသည်။ ဥပဒေကြောင်းအရအမှုကို တရားရင်ဆိုင်ရာတွင် ဖြတ်သန်းခဲ့ရသည့် ခရီးစဉ်တလျှောက်လုံး ရရှိခဲ့သောအတွေ့အကြုံများက ဤအလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) အတွက် အခြေခံသတင်းအချက်အလက်များဖြစ်ပါသည်။

အမျိုးသမီးများ နိုးနှောဖလှယ်ပွဲများတွင် စုစည်းပါဝင်ဆောင်ရွက်ကာ မိမိတို့၏အတွေ့အကြုံ၊ အသိပညာများကို မျှဝေဆွေးနွေးခဲ့ကြသည့် ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ထားဝယ်၊ နာဂ၊ ပလောင်၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ လီစူး၊ ရခိုင်၊ ရှမ်း၊ အခါ၊ လါးဟူ စသည့် တိုင်းရင်းသူရွှေ့ပြောင်းနေထိုင်အလုပ်လုပ်သူအမျိုးသမီးများနှင့် ဒုက္ခသည်အမျိုးသမီးများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် အမျိုးသမီးများ နိုးနှောဖလှယ်ပွဲ အစုအဖွဲ့များ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် ARM ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့် အစည်းအဝေးများတွင်၊ ဘာသာပြန်ပေးသူ အမျိုးသမီးများအားလုံးနှင့် ARM ကို ဘာသာစကားအမျိုးမျိုးဖြင့် ဘာသာပြန်ပေးသူများ၊ စာမူနှင့် တည်းဖြတ်ပေးသူစာပြင်သူအားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။

အကြမ်းဖက်ခံရသူများအား ကူညီပံ့ပိုး၍ လူမှုရေးနှင့် တရားဥပဒေရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် အကျိုးဆောင်ပေးမှုများရရှိရေးကို အဆင်ပြေချောမွေ့စေရန် အစဉ်တစိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသော ထိုင်းနိုင်ငံမှ ဒေသခံ ဆက်သွယ်ရေး ကွန်ယက်အဖွဲ့များဖြစ်သည့် အစိုးရမဟုတ်သော အမျိုးသမီးအဖွဲ့အစည်းများ (NGOs) ၊ လူ့အခွင့်အရေး အဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ပါသည်။ အရေးကြုံသည့်အခါတိုင်းတွင်အဆင်သင့်ရပ်တည်ဆောင်ရွက်ပေးလျှက်ရှိသော အမျိုးသမီးများ၏ မိတ်ဆွေများဖောင်ဒေးရှင်း (Friends of Women Foundation) နှင့် ထိုင်းနိုင်ငံလုံးဆိုင်ရာ ဥပဒေအသင်းကြီးကိုလည်း အထူးတလည် ကျေးဇူးတင်ရှိပါသည်။

ဤအခြေအနေ ဖြစ်လာအောင် ဖြတ်သန်းခဲ့ရသည့်ခရီးမှာ ကြမ်းတမ်းခက်ထန်လှပါသည်။ ရေငုံနှုတ်ပိတ်နေရခြင်းနှင့် အငြင်းပယ်ခံနေရခြင်းများကို ရင်ဆိုင်နေရသည့်အခြေအနေများတွင် အမျိုးသမီး များအနေဖြင့် ကျိုးကြောင်းပြ ရင်ဆိုင်ဖြေရှင်းရသည်မှာ လွယ်ကူလှသည့် အရေးမဟုတ်ပေ။ သို့ရာတွင် ရွှေ့ပြောင်းသူအမျိုးသမီးများနှင့် ဒုက္ခသည် အမျိုးသမီးများ၏တောင်းဆိုသံများအပေါ် တုံ့ပြန်ကူညီလုပ်ဆောင်မှုများ ယခင်ကထက်ပိုမိုများပြားလာသည်ကို လေးစားအားရမှုဖြစ်ကြောင်း မှတ်တမ်းတင်လိုပါသည်၊ အနာဂတ် ကာလတွင်လည်းအကြမ်းဖက်နှိပ်စက်ခံရမှုကို ခံစားရင်ဆိုင် ခဲ့ရသူများအား စိတ်ပိုင်း၊ ရုပ်ပိုင်း၊ စသည်ဖြင့်အ လုံးစုံကို ကူညီပံ့ပိုးမှုများဖြစ်စေသည့် အားလုံးစုစည်းစုပေါင်း၍ ပူးပေါင်းလုပ်ဆောင်တာဝန်ယူ ဖြေရှင်းပေးခြင်း များဖြစ်လာမည်ဟုယုံကြည်ပါသည်။

လွန်ခဲ့သော လေးနှစ်ကျော်ကာလကတည်းကစတင်၍ အကြမ်းဖက် ကျူးလွန်ခံရမှုများ ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ချက်စီမံကိန်း (Act Against Abuse) နှင့် အမျိုးသမီးများ နိုးနှောဖလှယ်ပွဲ စီမံ ကိန်း



Burmese ARM.pmd Su Su.pmd 6 17/12/2008, 10:08

(Women's Exchange) များဆောင်ရွက်ရန် MAP ဖောင်ဒေးရှင်းအတွက် ရရှိထားသည့် ကူညီပံ့ပိုး မှုများအားဖြင့် ဤ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) လုပ်ငန်းစဉ် တခုလုံး ဖြစ်မြောက် လာခြင်း ဖြစ်ပါသည်။ ထို့အပြင် ARM ကို ဘာသာစကားအမျိုးမျိုးသို့ ဘာသာပြန်ဆို၍ စီစဉ်ထုတ်ဝေနိုင်ရန် လိုအပ်သည့်ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုကိုလည်း ဆက်လက်ရရှိခဲ့ပါသည်။ စေတနာရက်ရောမှုများအပြင်စည်း ရုံးခိုင်မာစွာဖြင့် ပေးကမ်းကူညီခဲ့ကြသည့် အလှူရှင်မိတ်ဆွေများဖြစ်သည့်–

CARAM - Asia
Interanational Womens' Development Agency (IWDA), Australia
NOVIB (The Netherlands) နှင့်
The Norwegian Refugee Council တို့အား အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

ထို့အပြင် မိမိနယ်မြေပိုင်နက်ပေါ်တွင်နေထိုင်လျက်ရှိသော အမျိုးသမီးများအားလုံး တရားမျှတမှုကိုခံစားစေနိုင်ရေးနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိသော ထိုင်းအစိုးရနှင့်ထိုင်းပြည် သူလူထုများအားလည်း များစွာကျေးဇူးတင်ပါသည်။

ကူညီပံ့ပိုးမှုများ ချို့တဲ့သည့်ကြားမှ ရုန်းကန်ကာ ရပ်တည်ရှင်သန်ကြသည့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်လုပ်သူအမျိုးသမီးများနှင့် ဒုက္ခသည်အမျိုးသမီးများ၏ အားမာန်၊ နိုင်နင်းစွာ တုံ့ပြန်ဆောင်ရွက်တတ်ပုံနည်းစနစ်များသည် မိမိတို့အမျိုးသမီးများအားလုံးဆထက်ထမ်းပိုးတိုးလုပ်ဆောင်ရန်လှုံ့ဆော်သည့် တွန်းအားများဖြစ်ကြောင်း နောက်တကြိမ် ထပ်မံ၍ ဂုဏ်ပြုစကား လက်ဆောင်ပါးလိုပါသည်။ လာမည့် အနာဂတ်ကာ လတွင် အကြမ်းဖက်ခံရသူ အမျိုးသမီးများ၊ သူမတို့၏ရပ်တည်ရှင်သန်ရေးကို သူတို့နည်းသူတို့ဟန်ဖြင့် သူတို့ကိုယ်တိုင်ရွေးချယ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

အမျိုးသမီးများ နှီးနှောဖလှယ်ရေး (WE) နှင့်
အကြမ်းဖက်မှု ဆန့်ကျင်တိုက်ဖျက်ရေးဆောင်ရွက်မှု စီမံကိန်း၊
MAP Foundation
ချင်းမိုင်မြို့၊ ၂၀၀၃–ခုနှစ်၊ စက်တင်ဘာလ။



Burmese ARM.pmd Su Su.pmd 7 17/12/2008, 10:08

# မိတ်ဆက်နိဒါန်း (၁)

## အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏နောက်ခံသမိုင်းကြောင်း

သင် (သို့မဟုတ်) သင်သိကျွမ်းသူတစ်ယောက်ယောက် မုဒိမ်းကျင့်ခံရပါက၊ မည်သည့်နေရာသို့ သွားရောက်အကူအညီတောင်းရမည် သို့မဟုတ် မည်သို့ပြုလုပ်ဆောင်ရွက်ရမည် လူတော်တော်များများက မသိကြပေ။ ရွှေ့ပြောင်းအလုပ်လုပ်သူများနှင့် ဒုက္ခသည်များ၏ လူမှုအဖွဲ့အစည်းအနေဖြင့် မည်သို့လုပ်ဆောင်မည်၊ မည်သူ့ထံတွင် အကူအညီတောင်း၍ ရှုတ်ထွေးလှသော တရားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ကူညီပံ့ပိုးမှုရရှိစေမည်စသည်တို့ကို သိရှိမထားပါက၊ မတရားအကြမ်းဖက်ကျူးလွန်မှုကို ခံစားရသူများမှာ ထပ်မံ၍ နစ်နာမည့်ဘေးနှင့် ရင်ဆိုင်ကြရပြီး၊ ယင်းလူမှုအဖွဲ့အစည်းမှာလည်း လုပ်ဆောင်နိုင်စွမ်းအာဏာမဲ့ခြင်းကို ခံစား ကြုံတွေ့ရသည့်အတွက် ကိုယ့်ကိုကိုယ် လေးစားယုံကြည်မှု၊ တန်ဘိုးထားမှုများ လုံးဝဆုံးရှုံးသွားစေပါသည်။

အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) က ထိုအကြမ်းဖက်ကျူးလွန်မှုကိစ္စရပ်များ ကြုံတွေ့သည့်အခါတွင် အကြမ်းဖက်ခံရသူများနှင့် သူတို့အားကူညီထောက်ကူပေးသူများ လုပ်ဆောင်ရမည့်အဆင့် (၁၀)ချက်ကို ချမှတ်ရှင်းပြပေးထားသည့်အပြင် လူမှုအဖွဲ့အစည်းများအတွင်း အကြမ်းဖက်ကျူးလွန်မှုများ လျော့ပါးလာစေရန် လှုပ်ရှားဆောင်ရွက်နိုင်သည့်လုပ်ငန်းများအတွက် အကြံဉာဏ်များကိုလည်း ပေးထားပါသည်။

ထိုင်း–မြန်မာနယ်စပ်ဒေသတွင် နေထိုင်သော ရွှေ့ပြောင်းအလုပ်လုပ်သူနှင့် ဒုက္ခသည်အမျိုးသမီးများ က အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ဖြစ်ထွန်းလာအောင် ပုံဖော်ခဲ့ သူများဖြစ်ပါသည်။ ဤ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ကို အမျိုးသမီးဦးရေ(၆၀၀)ကျော် ပါဝင်ဆောင်ရွက်လျှက် ရှိပါသည်။ ဤလုပ်ငန်းစဉ်မှာ လွန်ခဲ့သောလေးနှစ်က မြန်မာပြည်မှအမျိုးသမီးတစု သတင်းအချက်အလက်များ၊ အသိအမြင်များဖလှယ်သည့် ပုံမှန်လစဉ်စုဝေးပွဲများစတင်ပြုလုပ်ချိန်မှ တနည်းအားဖြင့် အစပျိုးခဲ့ခြင်းဖြစ်ပါသည်။ **"အမျိုးသမီးနီးနှောဖလှယ်ပွဲ"**ဟုခေါ်သော ဤစုဝေးပွဲများက တိုင်းရင်းသူအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးမှ အမျိုးသမီးများအား လာရောက်တွေ့ဆုံ၍ အသိအမြင်များကို မျှဝေဆွေးနွေးသည့်နေရာတစ်ခုကိုပေးပါသည်။ ဤတွေ့ဆုံဆွေးနွေးပွဲများက အမျိုးသမီးများအတွက် မိမိအတွေးအမြင်ယူဆချက်များကို ဖေါ်ထုတ်ပြရာ၊ အတွေ့အကြုံခံစားချက်များ ဝေမျှရာတို့တွင် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုရှိလာစေရန်နှင့် စုဝေးပွဲများတွင် အဆင်ပြေချောမွေ့စေရန်ဆောင်ရွက်ခြင်း၊ ဘာသာပြန်ပေးခြင်းများကို လက်တွေ့စမ်းသပ်နိုင်သည့်အခွင့်အလမ်း များကို ရရှိစေပါသည်။ လေးနှစ်ကျော်ကာလအတွင်း ရွှေ့ပြောင်းအလုပ် လုပ်သူများနှင့် ဒုက္ခသည်အမျိုးသမီးများက ဤစုဝေးဆွေးနွေးပွဲများကို ထိုင်းမြန်မာနယ်စပ်တွင် နေရာဒေသ(၅)ခုတွင် ပုံမှန်ကျင်းပဆောင်ရွက်လာနိုင်ပြီဖြစ်သည်။

လစဉ်ပြုလုပ်သောစုဝေးဆွေးနွေးပွဲများအပြင်၊ HIV/AIDS ရောဂါဝေဒနာအကြောင်းရပ်များ၊ သားဆက်ပြန့်ပွားခြင်းဆိုင်ရာ ကျန်းမာရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆန့်ကျင်ရေးနှင့်စပ်လျဉ်းသော ဥပဒေရေးရာကိစ္စများကို စူးစမ်းလေ့လာသည့် အထူးအလုပ်ရုံဆွေးနွေးပွဲများကိုလည်းဒေသအလိုက်အမျိုးသမီး နီးနှောဖလှယ်ရေးအုပ်စုများက စုရုံးဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲများမှ လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုကိုအခြေခံသည့် အကြမ်းဖက်မှု အရေးကိစ္စသည် အမျိုးသမီးများ၏ အဓိက စိုးရိမ်ပူပန်နေရသည့် အရေးကိစ္စတစ်ခု အဖြစ် ပေါ်ထွက်လာ ခဲ့သည်။ ထို့အပြင်အမျိုးသမီးများ ကိုယ်ခံပညာသင်တန်းများ၊ ပန်းချီ အနုပညာဆောင်ရွက်ဖျော်ဖြေခြင်းများ၊ ဘော်လုံးကန်ခြင်း၊ ယောဂထိုင် လေ့ကျင့်ခဏ်းများပြုလုပ်ခြင်း အားဖြင့် လှုပ်ရှားသည့်အပြင်၊ နိုင်ငံတကာအမျိုးသမီးများနေ့အပါအဝင် နေ့ထူးနေ့ရက်အခမ်းအနားများတွင် ကျင်းပသည့် လူထုစုရုံးပွဲများတွင် ပါဝင်ဆင်နွှဲခြင်း၊ ချီတက်စေခြင်းများကို ဆောင်ရွက်ကြပါသည်။



Burmese ARM.pmd Su Su.pmd 8 17/12/2008, 10:08

အကြမ်းဖက်မှုကို သီးခြားပြဿနာရပ်တခုအဖြစ် ဆွေးနွေးခဲ့ကြခြင်းမဟုတ်ပါ။ ယင်းအကြောင်းအရာကို လိင်ကွဲပြားခြင်းဆိုင်ရာဆက်နွယ်မှု၊ အဆင့်အတန်းခွဲခြားခြင်းဆိုင်ရာဆက်နွယ်မှုနှင့် လူစိမ်းသူစိမ်းမျက်နှာစိမ်းကို ကြောက်ရွံ့ခြင်းဆိုင်ရာဆက်နွယ်မှု စသည်ဖြင့် ကျယ်ဝန်းစွာဆက်စပ်နေသည့်ပြဿနာရပ်၊ အကြောင်းအရာများ အဖြစ် ဆွေးနွေးပြောဆိုကြခဲ့သည်။ အတူတကွမျှဝေလုပ်ဆောင်သည့် အမျိုးသမီးအစုအဖွဲ့များ၏လုံခြုံစိတ်ချမှု ရရှိရေးကိုဆွေးနွေးရာတွင်လည်း အကြမ်းဖက်မှုကို ပြောဆိုကြပါသည်။ ထို့အပြင် အမျိုးသမီးများဆောင်ရွက်မှုနည်းနာများ ဖော်ထုတ်စဉ်

တွင်လည်းကောင်း၊ အပေါင်းလက္ခဏာဆောင်သော လုပ်ဆောင်ချက်တခုခုပြုလုပ်နိုင်သည့်နေစရာ ပတ်ဝန်းကျင်တစ်ခု ဖန်တီးရာ၌လည်းကောင်း ဤအကြမ်းဖက်ခြင်းကိစ္စအကြောင်းအရာများကို ဆွေးနွေးခဲ့ကြပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းဆိုင်ရာ နိုင်ငံတကာဥပဒေ၊ ထိုင်းဥပဒေများနှင့်ပတ်သက်၍ ပြုလုပ်သောသင်တန်းများ၏ နောက်ပိုင်းတွင် အမျိုးသမီးများနီးနှောဖလှယ်ပွဲများက ယင်းဥပဒေများကိုအမှန်တကယ် မည်ကဲ့သို့အသုံးချရမည်ကို ပို့ချသည့် နောက်ဆက်တွဲ သင်တန်းများ ဆက်လက်ပြုလုပ်ပေးရန် တောင်းဆိုကြပါသည်။ အထူးသဖြင့် သူတို့၏ ထိုင်းနိုင်ငံ၌ တရားမဝင်အခြေအနေ (တရားဝင်အဆင့်အတန်းမရှိခြင်း) နှင့် ဆက်နွယ်သော ကိစ္စရပ်ဖြစ်သည်။

ဤလေးနှစ်အတွင်း အကြမ်းဖက်ခြင်းဆိုင်ရာ အမှုကိစ္စများစွာ ဖြစ်ပွားခဲ့ပါသည်။ ယင်းတို့အထဲမှ အကျုံးလွန်ခံရသူအနည်းငယ်မျှသာ သင့်တော်လျောက်ပတ်သည့် ကူညီဆောင်ရွက်မှုကို ရရှိနိုင်ခဲ့ပြီး၊ အများစုမှာ ကိုယ့်အစီအစဉ်ဖြင့်ကိုယ်လုပ်ကိုင်ဆောင်ရွက်ကြသည့်နည်းစနစ်များဖြင့် ရှန်းကန်ဆောင်ရွက်ခဲ့ကြရာတွင် တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်းများ အတွင်း၌သာ ကူညီဆောင်ရွက်မှုပေးနိုင်ခဲ့သည်။ ယခုအခါတွင် တိုင်းရင်းသူအဖွဲ့အစည်းအချို့အနေဖြင့် အခြေခံ နှစ်သိမ့်အားပေးဆွေးနွေးခြင်းကို လုပ်ဆောင်နိုင်လာသည့်နည်းတူ၊ လုံခြုံစွာနေထိုင်နိုင်ရန်ခေတ္တခိုလှုံရာစရာနေရာများ စီစဉ်ပေးခြင်းတို့ကို ပေးနိုင်ပြီဖြစ်သည်။ ထိုင်းဥပဒေစနစ်ကိုအသုံးပြု၍တရားမျှတမှုကို တောင်းဆိုသည့် အမျိုးသမီးများမှာမူ လက်တစ်ဆုပ်စာမျှသာ ရှိပါသည်။ ထိုအမျိုးသမီး အားလုံးမှာလည်း ဒုက္ခအခက်အခဲများစွာနှင့် ရင်ဆိုင်နေကြရသည်။ ထိုများစွာသော အခက်အခဲအနှောင့်အယှက်များကိုအမျိုးသမီးများကပို၍ကျယ်ပြန့်သော လူ့အဖွဲ့အစည်းထံမှ သာမက သူမတို့၏ လူမှုအသိုင်းအဝိုင်းကိုယ်တိုင်ထံမှပါရင်ဆိုင်နေကြရသည်။

အမျိုးသမီးများ ရင်ဆိုင်နေရသည့် ဒုက္ခအခက်အခဲအချို့ကို ပြည်တွင်းနှင့်အပြည်ပြည်ဆိုင်ရာ မူဝါဒများကို ပြင်ဆင် ပြဋ္ဌာန်းခြင်းအားဖြင့်သာ ဖြေရှင်းနိုင်ပါမည်၊ လက်ရှိကာလမူဝါဒမှာ အကြမ်းဖက်ခံရသူ ဒုက္ခသည် အမျိုးသမီးများအား အိမ်ရှင်နိုင်ငံအတွင်း သို့မဟုတ် တတိယနိုင်ငံတစ်ခုတွင်း လုံခြုံဘေးကင်းသောနေရာသို့ခိုနားရန်ခွင့် မပေးဘဲ၊ အကြမ်းဖက်မှုများဖြစ်နေသည့် နိုင်ငံသို့သာ အတင်းအကြပ်ပြန်လည်ပို့နေပါသည်။ အခြားသောအခက်အခဲအနှောက်အယှက်များကို ကျော်လွှားရန်မှာ ဤအကြမ်းဖက်သည့်ယဉ်ကျေးမှုအား ပြောင်းလဲပစ်ရေးနှင့် လိင်ကွဲပြားမှုကြောင့်ဟန်ချက်မညီမျှမှုများကိုပြုပြင်ပြောင်းလဲလာစေရေးအတွက် အမျိုးသားများနှင့်ရေရှည် လုပ်ငန်းအဖြစ် အလုပ်အတူလုပ်ရန် လိုအပ်နေပါသည်။ အချို့သော အခက်အခဲများကိုမူ သတင်းအချက်အလက်များ၊ လူမှုအဖွဲ့အစည်း၊ ပံ့ပိုးကူညီမှုများနှင့် နားလည်သဘောပေါက်မှုများအားဖြင့်လည်းကောင်း၊ အကျုံးလွန်ခံခဲ့ရသူများအား ပံ့ပိုးကူညီပေးရာတွင် ပါဝင်ပတ်သက်ဆက်စပ်နေသူများအကြား ပူးပေါင်းဆောင်ရွက်မှုများအားဖြင့်လည်းကောင်း၊ တစ်စုံတစ်ခုသော အတိုင်းအတာအထိ ကျော်လွှားနိုင်မည် ဖြစ်ပေသည်။



Burmese ARM.pmd Su Su.pmd 9 17/12/2008, 10:08

အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) တွင် အမှုအကြောင်းအရာ အသေးစိတ်လေ့လာခြင်းများကို တင်ပြထားခြင်းမရှိပေ။ ဤသည်မှာ ရည်ရွယ်ချက်ရှိရှိဖြင့် စီစဉ်ဆောင် ရွက်ထားခြင်းဖြစ်ပါသည်။ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏ အခြေခံမူများမှ တစ်ခုမှာယုံကြည်စိတ်ချစွာလျှို့ဝှက်မှု (Confidentiality) ဖြစ်၍ ယင်းအခြေခံမူကို ကျွန်ုပ်တို့၏ မှတ်တမ်းတင် အထောက်အထားအဖြစ်သဘောတူလက်ခံကြပါသည်။ အမှုအကြောင်းအရာအသေးစိတ်အစား အကြမ်းဖက်မှုကို တွေ့ကြုံခဲ့ကြသောအမျိုးသမီးများ၊ ယင်းအမျိုးသမီးများအား ထောက်ခံပံ့ပိုး၍ မိမိတို့၏လူမှုအသိုင်းအဝိုင်းအတွင်း အကြမ်းဖက်မှုများလျော့ကျရေးအတွက် ဆောင်ရွက်နေသူ အမျိုးသမီးအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများ၏အတွေ့အကြုံများကို အခြားအမျိုးသမီးများ သိနားလည်စေရန် တဆင့်ပြီးတဆင့် ဖြစ်စဉ်အဖြစ် ရေးဆွဲထားပါသည်၊ အမျိုးသမီးများ၏မိတ်ဆွေများဖောင်ဒေးရှင်း၊ အခြားသောဒေသခံ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ (NGOs) နှင့် ရှေ့နေများမှ ၄င်းတို့၏ ထိုင်းအမျိုးသမီး အကြမ်းဖက် ကျူးလွန်ခံရသူများကို နှစ်ပေါင်းများစွာ ပံ့ပိုးကူညီမှုပေးခဲ့ကြသော အတွေ့အကြုံများမှရရှိထားသည့် ကျွမ်းကျင်မှုများဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြပါသည်။ ဤဖြစ်စဉ်တလျှောက်လုံးနိုင်ငံတကာ အမျိုးသမီးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ စခန်းကော်မီတီများနှင့်အခြားသောသူများ၏ အကြံဉာဏ်ပြု ထောက်ခံအားပေးမှုများကိုလည်း ရရှိခဲ့ပါသည်။

လွန်ခဲ့သော (၁၈) လကျော်ကာလပတ်လုံး အမျိုးသမီးနှီးနှောဖလှယ်ရေးအစုအဖွဲ့များက အချိန်ယူအပင်ပန်းခံ၍အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏ စာမူကို ဖတ်ရှုခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းစသည် များအထပ်ထပ်အခါခါ လုပ်ခဲ့ကြသည်။ စာမူဖတ်ရှုပြင်ဆင်၊ ဖြည့်စွက်မှု ပြီးသည့်အကြိမ်တိုင်းအမျိုးသမီးများ အတူတကွထိုင်၍ ဆွေးနွေးညှိနှိုင်းကြသည်။ တွေ့ဆုံစည်းဝေးတိုင်းတွင် မေးခွန်းအသစ်များပေါ်ထွက်လာခြင်း၊ လူသစ်အမျိုးသမီးများတက်ရောက်လာခြင်းနှင့် နားလည်သဘောပေါက်မှုပိုမိုမြင့်မားလာခြင်းတို့ဖြစ်လာပါသည်။ ဤ (ARM) လုပ်ငန်းစဉ်တွင် ပါဝင်လုပ်ဆောင်ခဲ့သည့် အမျိုးသမီးများ (၆၀၀)မှာ ဒုက္ခသည်စခန်းအပြင်ဖက်တွင်တွင် နေထိုင်သူများဖြစ်သည်၊ (ARM) ဆွေးနွေးပွဲတစ်ခုကို စခန်းတွင်း နေထိုင်ကြသူအမျိုးသမီးများနှင့် ပြုလုပ်ခဲ့ရာတွင် စခန်းတွင်းရှိ အမျိုးသမီးအဖွဲ့အစည်းများအား သူတို့၏ တသီးတသန့်အခြေအနေများနှင့်အပ်စပ်သော ARM ၏ လုပ်ငန်းအဆင့်ဆင့်များကို ရေးဆွဲနိုင်ရေးအတွက် ကူညီထောက်ပံ့မှု ပေးရန် အထူးလိုအပ်နေကြောင်း တွေ့ရှိခဲ့ရသည်။ ဒုက္ခသည်စခန်းများတွင် နေထိုင်နေသော အမျိုးသမီးများက တင်ပြခဲ့သည့် အရေးကြီးသောအခက်အခဲပြဿနာမှာ အမျိုးသမီးများနှင့် ထိုင်းအုပ်ချုပ်ရေးအာဏာပိုင်များအကြား ရုပ်ပိုင်းဆိုင်ရာ ထိစပ်မှုမရှိခြင်းဖြစ်သည်။ ဆိုလိုသည်မှာ လူချင်းတွေ့ဆုံခြင်းလုံးဝမရှိ ဘဲတသီးတခြားဖြစ်နေခြင်းဖြစ်ပါသည်။ ဆေးရုံ သို့မဟုတ်ရဲစခန်းတခေါက် သွားရန် အနည်းဆုံး ၃–၄ နာရီ အချိန်ကုန်သည့်အပြင်၊ ပီပြင်သည့်မှတ်တမ်း အထောက်အထားများကိုရရှိရန်နှင့် ဆွေးနွေးညှိနှိုင်းရသည့်ကာလမှာလည်း ၃–၄– ၅ ရက်ခန့် လိုအပ်မည်ဖြစ်သည်။ အခြားအဓိကကျသည့် ပြဿနာတခုမှာ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ စကားနိုင်လုပြင်းခုံမှုပင်ဖြစ်သည်။ များသောအားဖြင့် စခန်းများအတွင်း အကြမ်းဖက်ကျူးလွန်ခံရမှု အခြေအနေများကို အလေးထားသတိမူမိသူ၊ နားလည်သဘောပေါက်သူ လွန်စွာ နည်းပါးလှပါသည်။ ဒုက္ခသည်စခန်းများအတွင်း၌ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏ လုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်လာစေရေးသည် စတင်ဆောင်ရွက်ရမည့်အဆင့်များဖြစ်သည်မှာ ရှင်းလင်းနေပါသည်။ လုပ်ငန်းစဉ်ဖြစ်မြောက်ရေးအတွက် သက်ဆိုင်ပါဝင်ပတ်သက်သူအား လုံးကိုခြုံငုံပါဝင်ခြင်းနှင့် ရေရှည်ပံ့ပိုးကူညီရေးတို့ အထူးလိုအပ်သည်။

ယခုအချိန်ကာလတွင် အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) သည် ရွှေ့ပြောင်းနေထိုင်သူအမျိုးသမီးများနှင့် ဒုက္ခသည်အမျိုးသမီးများအတွက် ဆက်လက်ဖြစ်ပေါ် တိုးတက်လျက်ရှိသည့် လုပ်ငန်းတစ်



Burmese ARM.pmd Su Su.pmd 10 17/12/2008, 10:08

ရပ်ဖြစ်သည်။ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) စာတမ်းသည် မည်သည့်အခါမျှ အပြီးသတ် မှတ်တမ်းတင်စာတမ်းတခု ဖြစ်မည် မဟုတ်ပေ။ ယင်းအနေဖြင့် အစဉ်မပြတ်တိုးတက်ပြောင်းလဲနေရန် လိုအပ်မည်ဖြစ်ပြီး ပိုမိုကောင်းမွန်သောဝန်ဆောင်ပေးမှုများ ရရှိလာနိုင်ခြင်းနှင့် တိုးတက်မှုများရှိစေခြင်းများကို ဖြစ်လာစေရန် အပြည့်အဝ မျှော်လင့်ထားပါသည်။ သို့သော်လည်း မည်သည့်တိုးတက်မှုမျိုးမဆို အချို့မှာ နောက်ပြန်ဆုတ်ခြင်း၊ တုန့်ပြန်ခုခံမှုများ ဖြစ်လာနိုင်ဘွယ်ရာလည်း ရှိကြပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း သည် မတော်တဆဖြစ်သည့် ဖြစ်ရပ်မဟုတ်ပေ။ ယင်းမှာ အမျိုးသားနှင့် အမျိုးသမီးတို့အကြား အာဏာစွမ်းအား ဆက်နွယ်မှုများ၏ လက္ခဏာတရပ်ဖြစ်၍ ဤကဲ့သို့အာဏာစွမ်းအား ဆက်နွယ်မှုများ စိန်အခေါ်ခံရသောအခါ အမြဲတမ်းဖြစ်လေ့ရှိသည်မှာ ထိုအာဏာရှိနေသည့် အနေအထားကို ဆက်လက်ထိန်းထားရန် ပိုမိုလိုလား နှစ်သက်သူများက ယင်းအာဏာကို စိမ်ခေါ်သည့် တိုးတက်မှုများ ရပ်တန့်သွားစေရန် မည်သည့်အရာမျိုးကိုမဆို ပြုလုပ်ကြမည်ဖြစ်သည်။ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) အနေဖြင့်အပြုသဘောဆိုင်ရာ ပြောင်းလဲမှုနှင့် အပျက်သဘော ဆိုင်ရာပြောင်းလဲမှု နှစ်ခုစလုံးကို တုန့်ပြန်ဆောင်ရွက်ရန်လိုအပ်သည်။ ရှေးဟောင်းစကားပုံတစ်ခုက **"အမျိုးသမီးတို့၏အလုပ်သည် မည်သည့်အခါမျှ ပြီးဆုံးခြင်းမရှိ"** ဟုဆိုပါသည်။ သို့သော် အမျိုးသားများသည်လည်း မိမိတို့၏အမျိုးသားများကကျူးလွန်သော အကြမ်းဖက်မှုများကို တာဝန်ယူကြရမည့်အပြင် အကြမ်းဖက်မှု ဆက်လက်ဖြစ်ပွားနေခြင်းများ ရပ်ဆိုင်းသွားစေရန် ကြိုးပမ်းလုပ်ဆောင်ကြလိမ့်မည် ဟူသော မျှော်လင့်ချက်များစွာဖြင့် ယခု ၂၁ ရာစုကို စတင်ပါသည်။



Burmese ARM.pmd Su Su.pmd 11 17/12/2008, 10:08

# မိတ်ဆက်နိဒါန်း (၂)

လွန်ခဲ့သောလေးနှစ်က အလိုအလျောက် တုန့်ပြန်ဆောင်ရွက်စနစ်စာအုပ်ကို ပထမအကြိမ်ထုတ်ဝေခဲ့ပါသည်၊ အခုထုတ်ဝေသော အလိုအလျောက်တုန့်ပြန်ဆောင်ရွက်စနစ် စာအုပ်တွင် ယခင်စာအုပ်တွင် ပါရှိသော ဘာသာပြန် အမှားများကို ပြန်လည် ပြင်ဆင်ထားပြီး အားပေးနှစ်သိမ့်မှု နည်းစနစ် အခန်းကဏ္ဍကိုလည်းတိုးချဲ့ထားပြီး၊ ထိုင်း ဥပဒေကြောင်းအရ မုဒိမ်းမှု အထမြောက်မှု ပြောင်းလဲလာမှုကိုလည်း ဖေါ်ပြထားပါသည်။ အလိုအလျောက် တုန့်ပြန်ဆောင်ရွက်စနစ်စာအုပ်ကို ထိုင်း – မြန်မာ နယ်စပ်တလျောက်ရှိ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည် စခန်းအတွင်းမှ အမျိုးသမီးများ၏ နှီးနှောဖလှယ်ပွဲများမှ ရလဒ်များကို စုစည်း၍ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးနှီးနှောဖလှယ်ပွဲများတွင် အလိုအလျောက် တုန့်ပြန်ဆောင်ရွက်စနစ် စာအုပ်အားကိုးကားစာအုပ်အဖြစ်လည်းကောင်း၊ သင်တန်းလက်စွဲအဖြစ်လည်းကောင်း ၊ အမျိုးသမီး အခွင့်ရေးဆိုင် ရာကိစ္စရပ်များ ထောက်ခံအားပေးမှု ရရှိနိုင်ရန်  ဥပမာအားဖြင့် ဒုက္ခသည် စခန်းများအတွင်းရှိ အမျိုးသမီးများအား ဥပဒေကြောင်း အရ သင့်လျော်လျောက်ပတ်သော အခွင့်အရေးများ ရရှိရန်၊ ပိုမွန်ကောင်းမွန်သော ဝန်ဆောင်မှုများရရှိရန်နှင့်စခန်းပြင်ပထွက်ခွာခွင့်များ ရရှိရန် အသုံးပြုပါသည်။

ဤလိုအလျောက်တုန့်ပြန်ဆောင်ရွက်စနစ် စာအုပ်အား သင်တန်းလက်စွဲဖြင့်အသုံးပြုခြင်းအားဖြင့် ဒုက္ခသည်စခန်းအတွင်းရှိ အမျိုးသမီးများနှင့် ရွှေ့ပြောင်းအမျိုးသမီးများ၏ အကြမ်းဖက်ခံရသူများအား ပိုမိုကူညီနိုင်သည်။ အမျိုးအသမီးနှီးနှောဖလှယ်ပွဲများကို သက်ဆိုင်ရာဒေသများတွင် ငါးရက်ကြာကျင်းပပြီး ထိုငါးရက်အတွင်း ဆေးရုံများရှိ ပဋိပက္ခဆိုင်ရာ ကူညီပေးရာဌာန၊ ရဲစခန်း၊ နှင့် နီးစပ်ရာ တရားရုံးများသို့သွားရောက် လေ့လာခြင်းများပါဝင် သည်။ ထိုလေ့လာရေးခရီးစဉ်များသည် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများအတွက် ဒေသခံတာဝန်ရှိသူများနှင့် ဆက်သွယ်ရန် အလွန်အရေးပါသော အတွေ့အကြုံများကို ရစေပါသည်။ ကျမတို့အနေဖြင့် ထို လေ့လာရေးခရီးစဉ်များကို ဦးဆောင်မှုပေးခဲ့သော ဝန်ထမ်းအားလုံးနှင့် နွေးထွေးစွာ ကြိုဆိုခဲ့ကြပြီး လာရောက်လည် ပတ်လေ့လာရန် အားပေးကူညီခဲ့ကြသောသက်ဆိုင်ရာ တာဝန်ရှိသူများအား ကျေးဇူးအထူးတင်ရှိပါသည်။

ယခုထုတ်ဝေသော စာအုပ်တွင် ကျင်းပခဲ့သော သင်တန်းများမှ သင်တန်းသူများ၏ အကြံပြုချက်များ ဆွေးနွေးပွဲရလဒ်များကို ကိုအခြေခံ၍ အသုံးအနှုန်းများကို ပြောင်းလဲထားပြီး အခြေခံနှစ်သိမ့်ဆွေးနွေးရေးနည်းနာများ ကိုလည်း ထည့်သွင်းထားပါသည်။ အခုအခါတွင် ထိုင်းဥပဒေအရ မုဒိန်းမှုဆိုင်ရာ ဖွင့်ဆိုချက်များသည် ပထမအကြိမ် အလိုအလျောက် တုန့်ပြန်ဆောင်ရွက်စနစ် စာအုပ်ထုတ်ဝေစဉ်နှင့်မတူဘဲ ပြောင်းလဲလာပါသည်။ မူလဥပဒေတွင် လင်ယောကျ်ားအား မယားတစ်ဦးအနေဖြင့် မုဒိန်းမှုနှင့် တရားစွဲဆိုခွင့်မရှိပေ။ သို့သော် ၂၀၀၆ ခုနှစ်တွင် ပြဌာန်းခဲ့သော ဥပဒေတွင် မယားသဘောဆန္ဒမပါဘဲ လင်ယောကျ်ားက အဓွ လိင်ဆက်ဆံပါက  မုဒိမ်းမှုမြောက်ကြောင်း ဖော်ပြပါ ရှိသည်။ ယခုထုတ်ဝေသော စာအုပ်တွင် ထိုအကြောင်း ထည့်သွင်း ဖော်ပြထားသည်။

သင်တန်းအများစုကို ထိုင်း–မြန်မာ နယ်ခြားတလျောက်ရှိ ဒုက္ခသည် စခန်းများနှင့် ရွှေ့ပြောင်းအလုပ်သမားများရှိရာမြို့များတွင် စီစဉ်ကျင်းပခဲ့ပါသည်။ သင်တန်းများကို ဒုက္ခသည်စခန်းများတွင် ဖွင့်လှစ်ရာတွင် ဒုက္ခသည်စခန်းအတွင်းရှိ မိန်းမများ အဓမ္မပြုကျင့်ခံရမှုများနှင့်တုန့်ပြန်ဆောင်ရွက်မှုများကို ပိုမိုသိရှိလာရပါသည် ဖြစ်ပွားပုံများနှင်တုန့်ပြန်ဆောင်ရွက်ချက်များသည် စခန်းတခုနှင့်တခု ကွဲပြားခြားနားကြောင်း သိသာထင်ရှားလာပါသည်။



Burmese ARM.pmd Su Su.pmd 12 17/12/2008, 10:08

ဒုက္ခသည်စခန်းအများစုသည် မြို့များနှင့် ဝေးလံသောနေရာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် ခြင်းမရှိပေ။ ဒုက္ခသည်များအနေဖြင့် စခန်းပြင်ပထွက်ခွာခွင့်ကို ရက်အနည်းငယ်ရရှိနိုင်သော်လည်း ပို့ဆောင်ဆက်သွယ်ရေးယာဉ်များမှာ အမြဲတမ်း ရနိုင်ခြင်းမရှိပေ။ တချို့သောဒုက္ခသည်စခန်းများတွင်ဆေး ပေးခန်းများမှကျန်းမာ ရေး စစ်ဆေးမှုများ ပြုလုပ်နိုင်ပြီး ဆေးခန်းမှ တင်ပြချက်များအား ထိုင်းအစိုးရမှ တာဝန်ရှိ သူများကတရားဝင်အ နေဖြင့် လက်ခံသော်လည်း ဒုက္ခသည်စခန်းအများစုတွင် ထိုသို့မပြုလုပ်နိုင်ချေ။ ဒုက္ခသည်စခန်းအတွင်းရှိ ဆေးခန်း အများစုတွင် မှုခင်းဆိုင်ရာ ဆေးစစ်ချက်များ ဆောင်ရွက်နိုင်စွမ်းမရှိပေ။ အလုံပိတ်ခံထားရပြီး ပတ်ဝန်းကျင်နှင့် အဆက်ဖြတ်ခံထားရသလို ဖြစ်နေသောဒုက္ခသည်စခန်းအများ၏ သဘာဝအရ စခန်းအတွင်းရှိ လိင်ပိုင်းဆိုင်ရာစော် ကားခံရသော မိန်းမများအနေဖြင့် ရွေးချယ်စရာလမ်းသိပ်မရှိပေ။ အလုံပိတ်ခံထား ရသောပတ်ဝန်းကျင်တွင်အေးဆေးစိတ်ချရသော နားခိုရာတစ်ခုတည်ထောင်ဖို့ဆိုရာ အလွန်ခက်ခဲသည် သို့သော်လည်း ထိုသို့သောမလုံခြုံသော ပတ်ဝန်းကျင်မှ တခြားတနေရာသို့ အမျိုးသမီးရွှေ့ပြောင်းနေထိုင်ရေးမှာလည်း မဖြစ်နိုင်ပေ။

ဒုက္ခသည် စခန်းအတွင်း လိင်ပိုင်းဆိုင်ရာစော်ကားမှုခံရသောကိစ္စရပ်များသည် သက်ဆိုင်ရာ စခန်းပေါ်မူတည် ၍ရှုပ်ထွေးတတ်သည်။ အခုထုတ်ဝေသောစာအုပ်တွင် ဒုက္ခသည်စခန်းအတွင်းရှိ အခြေနေများသာမကဒုက္ခသည် စခန်းပြင်ဘက်ရှိ အမျိုးသမီးများ၏ အခြေနေများကိုပေါ်ကိုလည်း ဦးတည်၍ ရေးသားထားသည်။ ထိုသို့ထည့်သွင်း ရန် ဆုံးဖြတ်ချက်ချရာတွင် အလွန်ခက်ခဲခဲ့ပေသည် အဘယ်ကြောင့်ဆိုသော် မူလ အလိုအလျောက်တုန့်ပြန်စနစ်သည် ဒုက္ခသည်စခန်းနှစ်ခုရှိ အမျိုးသမီးများများ၏ စိတ်ကူးစိတ်သန်းများနှင့် သူတို့ပြင်းပြသော စိတ်ဆန္ဒများအရ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည် ထိုဦးဆောင်ခဲ့သောအမျိုးသမီများမှာ အခုအခါတွင် အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုများမှ ကာကွယ်ရေးနှင့် လူအများထောက်ခံရေးဆောင်ရွက်တွင် တက်တက်ကြွကြွ ဦးဆောင်သူများအဖြစ်ပါဝင်လုပ်ရှားနေသည်။

မည်သို့ပင်ဖြစ်စေကာမူ ဒုက္ခသည်စခန်းများမှ အမျိုးသမီးများ၏ အခန်းကဏ္ဍများကိုလည်း လျစ်လျူမရှုဘဲ အခြားသက်ဆိုင်ရာ အမျိုးသမီးများ၏ အခြေနေကိုလိုက်၍ သင့်တော်ပြီး ထိရောက်မှုရှိသော တုန့်ပြန်မှုများ ပြုလုပ်ရန်နှင့် ထိရောက်သော လမ်းညွှန်ချက်များပေးနိုင်ရန် ဆန္ဒများနှင့် ထိုသို့ဆုံးဖြတ်ခဲ့သည်။ အလိုအလျောက် တုန့်ပြန်စနစ်သည်နိုင်ငံတကာအေဂျင်စီများအား နယ်စပ်ဒေသတလျောက်ရှိ ဒုက္ခသည်စခန်းများအတွက်အလားတူညီသောလမ်းညွှန်ချက်များဖြစ်ထွန်းလာရန် စေ့ဆော်လျက်ရှိသည်။ ကျမတို့အနေဖြင့် အလိုအလျောက် တုန့်ပြန်စနစ်သည် ဒုက္ခသည်စခန်းအတွင်းရှိအမျိုးသမီးများနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အစဉ်သဖြင့်တက်ကြွစွာအားဖြည့်ဆောင်ရွက်မှုများနှင့်အညီ ပြုပြင်ထားသည့်အတိုင်း ဒုက္ခသည်စခန်းအတွင်းရှိ အမျိုးသမီးများ အနေဖြင့် ဒုက္ခသည်စခန်းများအတွင်း လိင်ပိုင်းဆိုင် စော်ကားခံရသူများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ပိုမိုကောင်းမွန်သောလမ်းညွှန်ချက်အသစ်များ ဖြစ်ထွန်းလာရန် လုပ်ဆောင်နေသောလုပ်ငန်းစဉ်တွင် ဦးဆောင်မှုအခန်းကဏ္ဍမှပါဝင်လာမည်ဟု မျှော်လင့်ပါသည်။

အလိုအလျောက်တုန့်ပြန်စနစ်စာအုပ်ရေ (၁၀၀၀၀) ခန့်အား အင်္ဂလိပ်ဘာသာ၊ ထိုင်းဘာသာ၊ မြန်မာဘာသာ၊ ကရင်ဘာသာ နှင့် ရှမ်းဘာသာတို့ဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး ဒုက္ခသည်စခန်းအတွင်းရှိအမျိုးသမီး များ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ အမျိုးသမီးအခွင့်ရေးဆိုင်ရာ လုပ်ဆောင်နေသောအဖွဲ့စည်းများ၊ အစိုးရမဟုတ် သော ထိုင်းလူမှုအဖွဲ့စည်းများ၊ ဆေးရုံများ၊ ရဲစခန်းများ၊ လူမှုဝန်ထမ်းအလုပ်သမားများနှင့် အခြားသင့်လျော်သော တာဝန်ရှိသူများထံသို့ ဖြန့်ဝေနေပါသည်။ စာအုပ်များကို အာဖရိကတိုက်ရှိ ဒုက္ခသည်စခန်းများ၊ ရဝမ်ဒါရှိအမျိုးသမီးများ၊ အင်္ဂလန်နိုင်ငံနှင့် အော်စတြေးလျ နိုင်ငံရှိ ဒုက္ခသည်အမျိုးသမီးများထံသို့ပင်ဖြန့်ချိနေပါသည်။ အလိုအ

လျောက်တုန့်ပြန်စနစ် စာအုပ်အား ထုတ်ဝေမှုကို နိုင်ငံတကာမှပင် အသိမှတ်ပြုခြင်းကို ရရှိခဲ့ပါသည် ဥပမာအားဖြင့် အတင်းအဓမ္မ အလုပ်သမား ရွှေ့ပြောင်းမှုဆိုင်ရာသုံးသပ်ချက် ဂျာနယ်တွင် ဖော်ပြခံခဲ့ရပါသည်။

အကြောင်းမသင့်လျော်၍ ကျွန်ုပ်တို့အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည်အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုများ လျော့ကျလာခြင်း မရှိသေး၍ ထိုသို့အစီရင်ခံနိုင်ခြင်းမရှိပါ။ မည်သို့ပင်ဖြစ်စေကာမူ၊ အ မျိုးသမီးများအနေဖြင့် လိင်ပိုင်းဆိုင်ရာ စော်ကားခံရသောအမျိုးသမီးများအား ကူညီစောင့်ရှောက်ရာတွင် ကိုယ့်ကို ကိုယ် ယုံကြည်မှုပိုမိုရှိလာပြီး လုပ်ဆောင်နိုင်စွမ်းများ ပိုမိုတိုးတက်တလာကြောင်း တွေ့ရှိလာရသည်။ လိင်ပိုင်းဆိုင်ရာ စော်ကားခံရသောသူများ သူတို့တွင် ပြန်လည် နာလန်ထူလာရေးအတွက် သူတို့၏ခံစားနစ်နာချက်များကို ထုတ်ဖော်ပြောဆိုခွင့်နှင့် သူတို့အားခွဲခြားမဆက်ဆံဘဲ လူအသိုင်းအဝိုင်းအတွင်းနေရာပေးဆက်ဆံသော အခြေ နေများကိုနားလည်လာပြီဟု ကျမတို့အနေဖြင့် ခိုင်မာစွာပြောနိုင်သည်။ ဒုက္ခသည်အမျိုးသမီးများနှင့် ရွှေ့ပြောင်း အလုပ်သမား အမျိုးသမီများအနေဖြင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများနှင့် သင့်လျော်သောဝန်ဆောင်မှု များပေးရန် ဆေးရုံတွင် အခိုင်အမာပြောဆိုလာကြသည်။ မည်သို့ပင်ဖြစ်စေကာမူ သူတို့အနေဖြင့် တရားဥပဒေ ကြောင်းအရ တရားမျှတမှုများရရှိရန်မှု စိန်ခေါ်ချက်တရပ်အဖြစ် ဆက်လက်တည်ရှိနေသေးသည်။ အမျိုးသမီးများ အနေဖြင့် ရဲစခန်းတွင် သူတို့၏ နစ်နာချက်များ ကို တိုင်ကြားရာတွင် အမှုဖွင့်ရန်ငြင်းဆိုခဲ့ရခြင်းများနှင့် အမှုအား လက်ခံသော်လည်း နောက်ဆက်တွဲအရေးယူဆောင်ရွက်ရန် ငြင်းဆိုခံနေရဆဲဖြစ်သည်။ အခုကျမ စာရေးနေသော အချိန်းအတွင်းမှာပင် (၁၄) နှစ်အရွယ် မြန်မာမိန်းကလေးသည် သူအားအုပ်စုလိုက် မုဒိန်းကျင့်မှုအား ရဲစခန်းတွင် အမှုဖွင့်ဆိုနိုင်ရန် တောင်းဆိုနေရဆဲဖြစ်သည်၊ သူမ မနေ့က ရဲစခန်းသို့သွားရောက်တိုင်ကြားရာတွင်ရဲမှ အမှုဖွင့် ဆိုရန်ငြင်းဆန်ပြီး သူမအား လိင်မှုရှုပ်ပွေသော မိန်းမပျက်တဦးဖြစ်သည်ဟုပြောဆိုက အမှု မဖွင့်ပေးနိုင်ဟုငြင်း ဆိုလိုက်သည်။ ယင်းအမှုအား တရားစွဲတင်သည်ဆိုဦး၊ ကျူးလွန်သူများအား ရှာဖွေဖမ်းဆီး၍ တရားဥပဒေအ တိုင်း အရေးယူရန်မှာ ဖြစ်နိုင်ချေ အလွန်နည်းပါးလှပါသည်။ နိုင်ငံခြားသူ ခရီးသွားတယောက်အား မတရားပြုကျင့်ခံရ ပါက ပြစ်မှုကျူးလွန်သူအားဖမ်းဆဒ် ထိုင်းရဲအဖွဲ့အနေဖြင့် အင်တိုင်အားတိုက် လုပ်ဆောင်မှုများနှင့်ရွှေ့ ပြောင်းအလုပ်သမားတဦး သို့မဟုတ် ဒုက္ခသည် အမျိုးသမီးတဦးအား မတရားပြုကျင့်ခံရပါ ပြစ်မှုကျူးလွန်သူအား လိုက်လံဖမ်းဆီးအရေးယူရန် ဆောင်ရွက်ပုံမှာ အံ့သြဖွယ်ရာ အလွန်ကွာခြားလွန်းလှသည်။ အမျိုးသမီများ နီးနှောဖ လှယ်ပွဲများ၏ ဦးတည်ချက်မှာ အမျိုးသမီးတိုင်း အခွင့်ရေးတန်းတူ၍ တန်းတူညီမျှစွာ ဆက်ဆံခံရရေး နှင့် တန်းတူ ညီမျှ ဆက်ဆံရနိုင်ခွင့်ဖြစ်သည်။ ကျမတို့အနေဖြင့် ထိုအခွင့်ရေးများ ရရှိရန်အတွက် များစွာကြိုးစာရဦးမည်ဖြစ်သည် ။ အခုထုတ်ဝေသော အလိုအလျောတုန့်ပြန် စနစ်စာအုပ်သည် မျိုးဆက်သစ် အမျိုးသမီးများ၊ မျိုးဆက်သစ်လူမှုဝန် ထမ်းအလုပ်သမားများနှင့် မျိုးဆက်သစ်ရဲများထံသို့ရောက်ရှိမည်ဟု မျှော်လင့်ပါသည်။

မ့စ္စ် ကျက်ကီ ဘွတ်လော့ခ်



Burmese ARM.pmd Su Su.pmd 14 17/12/2008, 10:08

# အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ကို အသုံးပြုနည်း

အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM)သည် အဆင့် (၁၀)ဆင့်ရှိသော လုပ်ငန်းစဉ်တခုဖြစ်သည်၊ ဤလုပ်ငန်းစဉ်အဆင့်အားလုံး အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးခြင်း အားဖြင့် မုဒိမ်းကျင့်ခံရသူအမျိုးသမီးများ ပြန်လည်ရှင်သန်ရပ်တည်နိုင်သူများဖြစ်လာစေရန် ရည်မှန်းထားပါသည်။ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) လုပ်ငန်းစဉ်က လိင်ပိုင်ဆိုင်ရာအကြမ်းဖက်မှုခံရသူအမျိုးသမီးများနှင့် ယင်းတို့အား ထောက်ပံ့ကူညီပေးနေသော အဖွဲ့အစည်းများသည် နှစ်သိမ့်ဆွေးနွေး အားပေးခြင်းများ၊ ထောက်ပံ့ကူညီမှုခြင်း၊ ကျန်းမာရေး ဆေးကုသမှုအထောက် အကူများ၊ ဥပဒေကြောင်းအရ ထောက်ကူပံ့ပိုးခြင်းများနှင့် နေထိုင်ရာလူမှုအသိုင်းအဝိုင်း၏ ထောက်ခံအားပေးခြင်းများ ရလာအောင် ဆောင်ကျဉ်းပေးပါသည်။ ထိုသို့ အဆင့်(၁၀)ဆင့်ဟူ၍ ဖော်ပြထားသော်လည်းလိင်ပိုင်ဆိုင်ရာအကြမ်းဖက်မှုခံသူတိုင်းကယင်းအဆင့်(၁၀)ဆင့်လုံးကိုလုပ်ဆောင်ကြမည်မဟုတ်ပေ။

မုဒိမ်းကျင့်ခံရသူ တယောက်အနေဖြင့် သိရှိထားရန် လိုအပ်သော သတင်းအချက်အလက်များကိုယင်းအဆင့်(၁၀)ဆင့်တွင် ဖော်ပြထားပါသည်။ အဆင့်တိုင်း၊ အဆင့်တိုင်းတွင် မုဒိမ်းကျင့် ခံရသူ အမျိုးသမီးများအားလိုအပ်သည့်သတင်းအချက်အလက်မှန်သမျှ အသိပေးရမည်ဖြစ်ပြီး၊ ကာယကံရှင်အမျိုးသမီးကိုယ်တိုင်ကဆုံးဖြတ်ချက် ပြုလုပ်ရန် လိုအပ်ပါသည်။ သူမအား ပံ့ပိုးကူညီပေးနေသူကလည်း သူမ၏ဆုံးဖြတ်ချက်များကို အလေးထား၍အဆင့်တိုင်းတွင်သူမအား နားထောင်ပေးရန် လိုအပ်ပါသည်။ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏ အဓိကရည်ရွယ်ချက်မှာ မုဒိမ်းကျင့်ခံရသူ ရပ်တည်ရှင်သန်နိုင်ရေး ကြိုးပမ်းရုန်းကန်နေသူ တို့ဖြစ်သည်။

အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏ ပထမအပိုင်း(၁)ဖြစ်သည့် "ARM အားလျှက်တပြက်အကြည့်" အခန်းတွင် ARM တွင် ပါဝင်သောအကြောင်းအရာအတိုချုပ်ကို အချိန်သတ်မှတ်ချက်ဘောင်တစ်ခုနှင့်အတူ ဖော်ပြထားပါသည်။ ထို့အပြင် (ARM)၏ အဆင့် (၁၀) ဆင့်၊ တစ်ဆင့်ချင်းစီ၌ အဓိကသော့ချက်ကျသည့်သူ၊ အချိန်ကာလသတ်မှတ်ချက်ကန့်သတ်မှုများကို ပြသထားပါသည်။

အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏ အဓိကစာကိုယ်ကြီး၏ အဆင့်တဆင့်စီ၌ပါဝင်ပတ်သက်သူတစ်ဦးချင်း၏ အခန်းကဏ္ဍကို အသေးစိတ်ရှင်းပြထားပါသည်။ အဆင့်တဆင့် ချင်းစီ၏အောက်တွင်တွေ့နိုင်ချေရှိသော အခက်အခဲပြဿနာများကို ဖော်ပြထားပါသည်။ ယင်းဖော်ပြထားသည့် ပြဿနာများမှာ ဤ (ARM) ဖြစ်စဉ်တွင် ပါဝင်ပတ်သက်နေသော ရွှေ့ပြောင်းအလုပ်လုပ် သူနှင့် ဒုက္ခသည်အမျိုးသမီးများ ကြုံတွေ့ပြီးသားပြဿနာများ ဖြစ်ပါသည်။ ဤပြဿနာများကို ကျော်လွှားဖြေရှင်းနိုင်ဘွယ်ရာရှိသည့် တုန့်ပြန်ဆောင်ရွက်မှုများနှင့် အကြံပြုခြင်းများကိုလည်း ဖော်ပြထားပါသည်။ ယင်းတို့ထဲမှ အချို့မှာ ရေရှည်လုပ်ဆောင်ရမည်ဖြစ်ပြီး လက်ရှိမုဒိမ်းကျင့်ခံရသူတို့အဖို့ အကျိုးခံစားရဦးမည်မဟုတ်ပေ။ သို့သော်လည်း အနာဂတ်ကာလ၌ အကြမ်းဖက်မှုများ ကာကွယ်တားဆီးရေးတွင် အထောက်အကူဖြစ်လာနိုင်ပါသည်။

ARM **တွ**င် နောက်ဆက်တွဲ အပိုင်းသုံးခန်း ပါရှိရာ နောက်ဆက်တွဲ(၁)မှာ ဆေးရုံအမည်နှင့် တယ်လီဖုန်းနံပါတ်များဖြစ်သည်။ နောက်ဆက်တွဲ(၂)မှာ အရေးပေါ်သန္ဓေတားဆေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များဖြစ်သည်။ သင့်အနေဖြင့် အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM)ကို အသုံးပြုသောအခါဆောင်ရွက်သည့် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ မှတ်စုမှတ်တမ်းများ ပြုစုထားရန် တိုက်တွန်းလိုပါသည်။



Burmese ARM.pmd Su Su.pmd 15 17/12/2008, 10:08

ဖော်ပြခဲ့သည့်အတိုင်း အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) သည် ရွှေ့ပြောင်း နေထိုင်သူ အ မျိုးသမီးများအတွက် ဆက်လက်ဖြစ်ပေါ်တိုးတက် လျက်ရှိသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့်အားလျော်စွာ (ARM) ကို အသုံးဝင်၍ ဆီလျော်အပ်စပ်ဖြစ်မည့် ဖြည့်စွက်ခြင်းများ၊ အကြံဥာဏ်ပေးခြင်းများ ဝိုင်းဝန်းအားဖြည့်ပေးခြင်း များအားလုံးကို ကြိုဆို ပါသည်။ ထို့အပြင် ဤအလိုအလျောက် တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) သည်အ ကြမ်းဖက်မှုကို တုန့်ပြန်ဆောင်ရွက်ကြရာ၌ သေးငယ်သည့် အပိုင်းကဏ္ဍတစ်ခုမျှသာဖြစ်သည်ကိုနောက်တကြိမ် ထပ်မံအလေးအနက် ပြောဆိုလိုပါသည်။

ARM ယနေ့ဖြစ်ပွားနေသော လိင်ပိုင်ဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများကို ဖေါ်ထုတ်သက်သေထူနေပါ သည်။ ARM မှ လိင်ပိုင်ဆိုင်ရာအကြမ်းဖက်မှုအကျူးလွန်ခံရသူများအတွက် လုပ်နိုင်စွမ်းများရရှိစေပြီးစွမ်းရည်မြှင့် တင် ပေးသည့် ဝန်းကျင်အနေအထားတစ်ခု ဖန်တီးပေးရန် အထောက်အကူပြုလိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။ ဤ ARM သည်ပင်လျှင် ဖြေရှင်းချက်တစ်ခုအဖြစ်မဟုတ်ဘဲ၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးအခြေအနေများ သည်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများ၏ တရားခံဖြစ်ကြောင်း ထုတ်ဖေါ်တင်ပြရာ၌ ARM ကို ကဏ္ဍ ပေါင်းစပ်ထားသောအစီအစဉ်တစ်ခု၏ အစိတ်အပိုင်းကဏ္ဍ အဖြစ် အသုံးပြုသင့်ပါသည်။

## အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏အခြေခံမူများ

- အမျိုးသမီးများအပေါ်လိင်ပိုင်ဆိုင်ရာအကြမ်းဖက်ကျူးလွန်မှု ဆန့်ကျင်တိုက်ဖျက်ရန် လုပ်ဆောင်နေသူများ အားလုံးယုံကြည်စိတ်ချခြင်းဆိုင်ရာလျှို့ဝှက်မှုနှင့် စပ်လျဉ်း၍ ကျင့်ဝတ်ကျင့်ထုံးများရေးဆွဲ၍ယင်းသဘော ထားကို သဘောတူထောက်ခံခြင်း၊
- လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုကိုအခြေခံသည့် အကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းစီမံကိန်းများပုံဖေါ်ရေးဆွဲ ရေးနှင့် အကောင်အထည်ဖေါ်ဆောင်ရွက်ရေးများတွင် တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်းများအားရှေ့ တန်းမှပါဝင်လှုပ်ရှားဆောင်ရွက်စေခြင်း၊
- အကျူးလွန်ခံရသူများ၏ အကျိုးအတွက်ဆောင်ရွက်သောပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအားကူညီ ထောက်ပံ့ခြင်း၊ ဆက်သွယ်ဖလှယ်၍ဆောင်ရွက်ပေးခြင်း
- အကျူးလွန်ခံရသူနှင့် ရပ်တည်ရေးရုန်းကန်ကြိုးပမ်းနေရသူများသည် အလိုအလျောက်တုံ့ပြန် ဆောင်ရွက် သည့်စနစ် (ARM) ၏ အဓိကအသည်းနှလုံးဖြစ်ပြီး၊ ဆုံးဖြတ်ချက်ချသည့် သူများလည်းဖြစ်သည်၊ ဆောင် ရွက်မှုအဝဝ ပြုလုပ်မှုတွင် သူမတို့၏ ဆုံးဖြတ်ချက်များကို လေးစား၍ သူမ၏ဆုံးဖြတ် ချက်အတိုင်း လိုက်နာ ဆောင်ရွက်ခြင်း၊
- လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်မှုသည် လိင်ကွဲပြားခြင်း၊ မျိုးရိုးနှင့် အ တန်းအစားခွဲခြားခြင်း အရေးပြဿနာကြီးများမှ တသီးတခြားကွဲထွက်နေသည့် ပြဿနာမဟုတ်။
- အမျိုးသမီးများအတွက် စွမ်းရည်များမြှင့်တင်ပေး၍ လုပ်နိုင်စွမ်းများရရှိစေမည့် ဝန်းကျင်အခြေအနေတစ်ခု ဖန်တီးပေးခြင်းသည် အကြမ်းဖက်မှုများ ရပ်စဲသွားစေရေးအတွက် အဓိက အချက်အချာ ဖြစ်သည်။

## အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏အဆင့်များ

| နံပါတ် | အဆင့် | ပါဝင်သူများ | အချိန်ကာလအတိုင်းအတာ |
|---|---|---|---|
| ၁ | **မုဒိမ်းကျင့်ခံရသူ ကာယကံရှင်က ပထမဆုံး ဆက်သွယ်ဖွင့်ပြောခြင်း** | • မုဒိမ်းကျင့်ခံရသူနှင့် သူမ ပထမဆုံးဆက်သွယ်သူ | မုဒိမ်းကျင့်ခံရသူ၏ စိတ်ဆန္ဒအပေါ်မူတည်သည်။ ARM ကို အမှုဖြစ်ပြီး ၃လအတွင်းသာအသုံးပြုနိုင်သည်။ သို့သော်အမှုအကြီးအသေးပေါ်မူတည်၍ အမှုစီရင်ခြင်းမှာ ၃ လထက်ကြာနိုင်သည်။ |
| ၂ | **မုဒိမ်းကျင့်ခံရသူ ပထမဆုံးဆက်သွယ်၍ပြောကြားသည့်ပုဂ္ဂိုလ်မှ သူမကို အမျိုးသမီးအဖွဲ့အစည်းများ (သို့မဟုတ်) NGO များထံသို့လိုက်ပါပို့ဆောင်ပေးခြင်း။** | • မုဒိမ်းကျင့်ခံရသူ<br>• သူမ ပထမဆုံးဆက်သွယ်သူ<br>• NGO(သို့မဟုတ်)အမျိုးသမီးအဖွဲ့အစည်းမှ စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အကြံပေး အားပေးသူ | မုဒိမ်းကျင့်ခံရသူမှပထမဆုံးဆက်သွယ်၍ပြောကြားသည်နှင့် တတ်နိုင်သမျှအမြန်ဆုံး၊ ပြုလုပ်ရမည်၊ |
| ၃ | **အားပေးပံ့ပိုးသူမှမုဒိမ်းကျင့်ခံရသူအား ကျန်းမာရေးဌာန (သို့) ဆေးရုံသို့လိုက်ပါပို့ ဆောင်ခြင်း။** | • မုဒိမ်းကျင့်ခံရသူ<br>• စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အကြံပေးအားပေးသူ၊<br>• ကျန်းမာရေးဝန်ထမ်း၊<br>• ဘာသာပြန်၊<br>• ယာဉ်မောင်းသမား | • ဖြစ်နိုင်ပါက အမှုဖြစ်ပြီးသည်မှစ၍ ၂၄ မှ ၃ နာရီအတွင်းပို့ရမည်။ အကယ်၍မဖြစ်နိုင်ပါကတတ်နိုင်သ၍အမြန်ဆုံးပို့ရမည်။<br>• အရေးပေါ်ပဋိသန္ဓေတားဆေးကို မုဒိမ်းမှုဖြစ်ပြီး ၇၂နာရီ အတွင်းသောက် သုံးရန်လိုသည်။ အကယ်၍ မုဒိမ်းကျင့်ခံရသူမှ မုဒိမ်းကျင့်ခံရပြီးသည်နှင့် အဝတ်မလဲ၊ ရေမချိုး၊ ရေမဆေးပဲ၊ ဆီးမသွားသေးပဲ ချက်ချင်းဆေးစစ်သွားပါကဆေးရုံမှ ပြည့်စုံသောဆေးစစ်ချက်ကိုပြုလုပ်နိုင်မည်ဖြစ်သည်။<br>• ဆရာဝန်မှ ရဲဝန်ထမ်းအား ဆေးရုံတွင်းတထောက်နား အရေးပေါ်ဌာန သို့မဟုတ် အခန်းရှိရာသို့ ခေါ်ယူပေးနိုင်သည်။ ထိုနေရာ၌အကျူးလွန်ခံရသူ အနေရဲနှင့်ချက်ခြင်း တွေ့လိုခြင်း ရှိမရှိ ဆုံးဖြတ်နိုင်သည်။ (သို့မဟုတ်) ဆုံးဖြတ်ချက်ချရန် အချိန်ယူ၍ စဉ်းစားနိုင်သည်။ |

| | | | |
|---|---|---|---|
| ၄ | **အားပေးပံ့ပိုးသူ၊ အဖွဲ့အစည်းမှ မုဒိမ်းကျင့်ရသူအားကူညီထောက်ပံ့မှု များပေးခြင်း** | • မုဒိမ်းကျင့်ခံရသူ<br>• စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အကြံပေးအားပေးသူ၊<br>• မုဒိမ်းကျင့်ခံရသူကသူမအားကူညီထောက်ပံ့ရန်ရွေးချယ်ထားသည့်ပုဂ္ဂိုလ်များ။ | ဤအားပေးကူညီပံ့ပိုးမှုကို အဆင့် ၁ မှစ၍ ၁၀ အထိ လုပ်ငန်းစဉ်တလျှောက် လုံး ဆက်လက်ပေးသွားရမည်။ |
| ၅ | **အားပေးပံ့ပိုးသူ နှင့် မုဒိမ်းကျင့်ခံရသူမှ ဂရုဏာသက်သူအဖွဲ့အစည်းများ၊ ဌာနများသို့ သတင်းပို့ခြင်းနှင့် အစီရင်ခံ စာတင်သွင်းခြင်း။** | • မုဒိမ်းကျင့်ခံရသူ<br>• စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အကြံပေးသူ၊<br>• NGO မှ ယင်းအမှုအတွက် တာဝန်ယူ ဆောင်ရွက်ပေးသူ၊<br>• ရှေ့နေ၊<br>• လူ့အခွင့်အရေးကော်မရှင်နာ | ယင်းဂရုဏာသက်သူအဖွဲ့အစည်းများ၊ ဌာနများမှ မုဒိမ်းကျင့်ခံရသူနှင့် အမျိုး သမီးအဖွဲ့အစည်း၊ NGO များ၏ တောင်းဆိုချက်များကို ချက်ချင်းဆောင်ရွက်ပေးရမည်။ |
| ၆ | **အားပေးပံ့ပိုးသူနှင့် မုဒိမ်းကျင့်ခံရ သူမှ အမှုကို ရဲထံသို့ တိုင်ကြားခြင်း။** | • မုဒိမ်းကျင့်ခံရသူ<br>• NGO မှ အမှုအတွက် တာဝန်ယူဆောင်ရွက်ပေးသူ၊<br>• သက်သေ<br>• ဘာသာပြန်၊<br>• အမျိုးသမီးရဲဝန်ထမ်း၊<br>• လူမှုဝန်ထမ်းဌာနဝန်ထမ်း | အကောင်းဆုံးမှာ အမှုဖြစ်လျှင်ဖြစ်ခြင်း ရဲသို့တိုင်ကြားရန်ဖြစ်သည်။ သို့မှသာ ရဲမှ ကျူးလွန်သူအား ဖမ်းဆီးအရေးယူခြင်းနှင့် အမှုကိုစုံစမ်းစစ်ဆေးရေးပြုလုပ်နိုင်မည်။<br>သို့ဖြစ်စေကာ၊ အမျိုးသမီးမှ ၃လအတွင်း မည်သည့်အချိန်မဆို ရဲသို့တိုင်ကြား ၍ အမှုဖွင့်နိုင်သည်။ အကယ်၍ အကျူးလွန်ခံ ရသူသည် အသက် ၁၈နှစ် အောက်ဖြစ်လျှင်သော်လည်းကောင်း၊ အုပ်စုလိုက် မုဒိမ်းကျင့်ခံရလျှင်သော် လည်းကောင်း၊ မုဒိမ်းကျင့်မှုတွင် လက်နက်အားဖြင့်တစုံတရာပါဝင် သက်လျှင် သော်လည်းကောင်း၊ မှုခင်းဖြစ်ပွားချိန်မှ စ၍ ၁၀ နှစ်တာအတွင်း မည်သည့် အချိန်အခါမဆို ရဲသို့တိုင်ကြား၍အမှုဖွင့်နိုင်သည်။ |

| | | | |
|---|---|---|---|
| ၇ | **အမှုအတွက်ရဲများနှင့်ဆက်လက်၍ကဲသွယ်ဆောင်ရွက်ခြင်း။** | • NGOမှအမှုအတွက်တာဝန်ယူဆောင်ရွက်ပေးသူ၊ မျက်မြင်သက်သေ၊<br>• ဘာသာပြန်<br>• ရဲဝန်ထမ်း၊<br>• ပြည်သူအကျိုးဆောင်ရှေ့နေ(အစိုးရရှေ့နေ) | ရဲမှ တစ်လအတွင်း စုံစမ်းစစ်ဆေးရေးလုပ်၍ငင်းအမှုကို ပြည်သူ့အကျိုး ဆောင်ရှေ့နေထံသို့ အပ်ရမည်။ ထို့အပြင်၊ မျက်မြင်သက်သေများထံမှတရားဝင်သက်သေထွက်ချက်များကို ရယူထားသင့်သည်။ |
| ၈ | **တရားရုံး၌ အမှုကိုစွဲချက်တင်ရန်စောင့်ဆိုင်းခြင်း။** | • အကျူးလွန်ခံရသူ<br>• အမျိုးသမီးအဖွဲ့အ စည်းနှင့် NGO မှ အမှု အတွက်တာဝန်ယူဆောင်ရွက်ပေးသူ၊<br>• မုဒိမ်းကျင့်ခံရသူအားချက်ခြင်းလက်ငင်းကူညီ အားပေးနိုင်သည့် လူမှုအသိုင်းအဝိုင်း၊<br>• ရှေ့နေ | တရားရုံးသို့ အမှုရောက်ရှိမည့် အချိန်ကာလအနေး၊ အမြန်မှာ ရဲများအပေါ်၌ များစွာ မူတည်သည်၊ ရုံးတော်သို့ အမှုရောက်ရှိရန် ၃လမှ ၂နှစ်အထိ ကြာမြင့်နိုင်သည်။(အကယ်၍ ကျူးလွန်သူ အာမခံမရပါက အမှုသည် ရုံးတော်သို့ (၈၄)ရက် အတွင်းရောက် ရှိမည်ဖြစ်၍၊ ကျူးလွန်သူအားအာမခံနှင့်လွှတ်ထားပါကအမှုသည် တရားရုံးသို့ ၆ လအတွင်းရောက်ရှိမည်ဖြစ်သည်။) |
| ၉ | **တရားရုံး၌အမှုရင်ဆိုင်ခြင်း** | • မုဒိမ်းကျင့်ခံရသူ၊<br>• NGO မှ အမှုအတွက်တာဝန်ယူဆောင်ရွက်ပေးသူ၊ ရှေ့နေ၊<br>• ဘာသာ ပြန် | တရားခွင်၌အမှုကြားနာနေစဉ်၊ မုဒိမ်းကျင့်ခံရသူသည်တစ်နှစ်မှ နှစ်နှစ် အထိ တရားရုံးသို့ အကြိမ်ကြိမ်သွားရမည်။ |
| ၁၀ | **စီရင်ချက်ချပြီးစီးခြင်း** | • မုဒိမ်းကျင့်ခံရသူ၊<br>• NGO နှင့် အမျိုးသမီးအဖွဲ့အစည်းမှအမှုအတွက်တာဝန်ယူဆောင်ရွက်ပေးသူ၊<br>• လူဝင်မှုကြီးကြပ်ရေး ဌာန၊<br>• စာနယ်ဇင်းမီဒီယာ | ရဲထံသို့အမှုတိုင်ကြားသည့်အချိန်မှ တရားစီရင်ခြင်းပြီးဆုံးသည်အထိ တစ်နှစ်၊ နှစ်နှစ်အထိ ကြာမြင့် နိုင်သည်။ မုဒိမ်းကျင့်ခံရသူမှ လူမှုရေး ဆိုင်ရာထောက်ခံအားပေးခြင်းနှင့် စိတ်ခံစားမှု ဆိုင်ရာ အားပေးထောက်ပံ့ မှုများကို ပို၍လိုကောင်းလိုမည်။ သို့မဟုတ် မလိုအပ်တော့သည့် အခြေအနေလည်းဖြစ်နိုင်သည် မုဒိမ်းကျင့်ရသူသည် နေထိုင်ခွင့်လက်မှတ်မရှိပါက၊ အမှုပြီးသည်နှင့်သူမ၏နေရင်းနိုင်ငံကို ပြန်လည်ပို့ရန်အာဏာပိုင်များကချက်ချင်းစီစဉ် လိမ့်မည်။ |

| | အဆင့် (၁) | ရွှေ့ပြောင်းနေထိုင်အလုပ်သမားအမျိုးသမီးများ |
|---|---|---|
| ၁ | **မုဒိမ်းကျင့်ခံရသူကာယကံရှင်မှပထမဆုံးဆက်သွယ်ဖွင့်ပြောခြင်း** | မုဒိမ်းကျင့်ခံရသူသည်သူမ၏အဖြစ်အပျက်ကို သူမနှင့်အနီးစပ်ဆုံး၊ အခင်မင်ဆုံး သူငယ်ချင်းတစ်ဦးကိုဖြစ်စေ၊ မျက်မြင်သက်သေတစ်ဦးဖြစ်စေ၊ ဆွေမျိုးတစ်ဦးကိုဖြစ် စေ၊ အခင်းဖြစ်ပွားရာပတ်ဝန်းကျင်မှ တစ်ဦး တစ်ယောက်ကို ဖြစ်စေ ဖွင့်ပြောနိုင်သည်။ ထိုပုဂ္ဂိုလ်အနေနှင့်<br>၁။ အကျူးလွန်ခံရသူ၏ ပြောကြားချက်ကို လေးစားစွာ နားထောင်ပေးပါ။<br>၂။ မိမိ၏ ကိုယ်ချင်းစာနာမှုကိုပြသပါ။<br>၃။ အပြစ်တင်မှု၊ ဝေဖန်မှုနှင့် ဆုံးဖြတ်ပေးမှုများကို မလုပ်သင့်။<br>၄။ မုဒိမ်းကျင့်ခံရသူ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးပါ။<br>၅။ အမျိုးသမီးအဖွဲ့အစည်းများနှင့် ပတ်သက်သည့်သတင်းအချက်အလက်များကိုပေးပါ။<br>၆။ မုဒိမ်းကျင့်ခံရသူကို အမျိုးသမီးအဖွဲ့အစည်းများ (သို့) အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ရန်အကြံပြုပြီး လိုအပ်ပါက လိုက်ပါပို့ဆောင်ကူညီပေးပါ။<br>၇။ မုဒိမ်းကျင့်ခံရသူ၏ ပြောပြချက်ကို မပေါက်ကြားစေရန် ထိန်းသိမ်းပေးပါ။<br>မုဒိမ်းကျင့်ခံရသူ၏ခွင့်ပြုချက်မရရှိပါကမည်သူကို မှပြောမပြသင့်။ မုဒိမ်းကျင့်ခံရသူအမျိုးသမီးမှ ပထမဆုံးဖွင့်ပြောပြောချင်း ဆောင်ရွက်ရမည်မှာသူမ၏လတ်တလောလိုအပ်ချက်များကို အလျှင်အမြန် ကူညီဆောင်ရွက်ပေးရန်ဖြစ်သည်။ သို့သော် မုဒိမ်းကျင့်ခံရမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များစုဆောင်းခြင်းများ၊ အမှုအတွက် အသေးစိတ် မေးမြန်းခြင်းများ မလုပ်သင့်ပေ။<br>သို့သော် မုဒိမ်းကျင့်ခံရမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များစု ဆောင်းခြင်းများ၊ အမှုအတွက် အသေးစိတ် မေးမြန်းခြင်းများ မလုပ်သင့်ပေ။<br><br>မိမိဟာ မတရားပြုကျင့်ခံရသော အမျိုးသမီးနှင့် ပထမဆုံးတွေ့ဆုံရသောလူ ဖြစ်သည်ဆိုပါစို့၊ မိမိရဲ့ အခန်းကဏ္ဍ အလွန်အရေး ကြီးပါသည်။ တခါတလေမှာ သင့်တော်ပြီး စာနာကြောင်းပြတဲ့ စကားများ အသုံးအနှုန်းများကို ဘယ်လိုသုံးရမယ်ဆိုတာ မသိအောင် ခက်ခဲတတ်ပါသည်။ ဒီလိုအခြေအနေမျိုးကြုံရနိုင်တဲ့ သူတယောက်အနေနဲ့ မိမိဘာတွေပြောသင့်သလဲဆိုတာလမ်းညွှန်အကြံပြုချက် တချို့ကို ဖေါ်ပြထားပါသည်။<br><br>၁။ မတရားပြုကျင့်ခံရအား စတင်စကားပြောရန်<br>– ညီမ (အမ) ကိုခုလိုအသက်ရှင်လျက် တွေ့ရတာဝမ်းသာပါတယ်<br>– ဖြစ်သမျှအားလုံးဟာ ညီမကြောင့်မဟုတ်ဘူးဆိုတာ တို့သိပါတယ်<br>– အခုလိုဖြစ်ပျက်ခဲ့တာတွေအားလုံးအတွက် တို့အရမ်းကို စိတ်မကောင်းဖြစ်ရပါတယ်၊ |

| | | |
|---|---|---|
| | | ၂။ လတ်တလော စိုးရိမ်ရသော အခြေနေများ မေးမြန်းရန်<br>ညီမ(အမ)အခု ဆေးခန်း သွားပြီး ဆရာဝန်တွေ့ဖို့လိုလား။ သွေးတော အရမ်းထွက်နေသေးလား။ (အကယ်၍ အမျိုးသမီးမှာသက်တောင့်သက်သာ မရှိဘဲ နေရခက်သောပုံစံရှိပါက သူမခန္ဓာကိုယ်အတွင်းဒဏ်ရာရရှိနေသဖြင့်သူမ အားဆေးရုံသို့ ချက်ချင်းပို့ဆောင်သင့်သည်။ )<br>ညီမ(အမ) သွားနေတုန်း ဘယ်အချိန်မှာ အခုလို အဖြစ်မျိုးနဲကြုံရတာ လဲ။ တစ်ယောက် ယောက်နှင့်သွာတာလား၊ အခုညီမ(အမ) တယောက် ထဲလာ တာလား အဖော်နဲ့လား၊ တယောက် ယောက်ညီမ(အမ)ကိုစောင့်နေလား ( မိ မိ ဒီမေးခွန်းကို မေးနေရင်း သူ့လုံခြုံရေးအတွက် တယောက် ယောက် အနား မှာရှိနေပါသလားလို့ကြည့်ပါ ဒါမှမဟုတ်ကလေးများ သူမနှင့်အတူ ပါလာပြီးစောင့် နေပါကတစုံတယောက်က ကလေးများကိုအန္တရယ် မရှိအောင် စီမံစောင့် ရှောက် ထားသလဲဆိုတာစုံစမ်းပါ။ )<br>တယောက်ဆီကို ဖုန်းဆက်ချင်ပါသလားလို့မေးပါ။<br>၃။ အမျိုးသမီး အဖွဲ့အစည်းများအကြောင်း မိတ်ဆက်ပေးခြင်း<br>အခုလိုအခြေနေမျိုးမှာ ညီမ (အမ) ကိုကူညီနိုင်တဲ့ တချို့ ကရင်၊ ရှမ်းစတဲ့အမျိုး သမီးအဖွဲ့စည်းတွေကိုတို့သိတယ်၊ ညီမ( အမ) သူတို့နဲ့စကား ပြောချင်လား။<br>ညီမ (အမ) သူတို့နဲ့တွေ့ရအောင် သူတို့ဆီခေါ်သွားပေးရမလား၊<br>၄။ ဂရုစိုက်၍ နားထောင်ပေးခြင်း<br>သူမပြောချင်တာရှိပါက၊ ပြောခွင့်ပြု၍ ဂရုစိုက်ပြီး နားထောင်ပေးပါ။<br>သူမ ဘာမှပြောချင်စိတ်မရှိပါက၊ သူမစိတ်ကြိုက်သာနေပါစေ၊ |



Burmese ARM.pmd Su Su.pmd 21 17/12/2008, 10:08

| **အားနည်းကွာဟချက်/အခက်အခဲပြဿနာများ** | **လုပ်ဆောင်နိုင်သော ဆောင်ရွက်ခြင်းများ** |
|---|---|
| • ၎င်းင်း၏ပတ်ဝန်းကျင် အသိုင်းအဝိုင်း၌ အကြမ်းဖက်မှုများ၊ မုဒိမ်းမှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ကိုနားလည်းမှုမရှိခြင်း<br><br>• မုဒိမ်းကျင့်ခံရသူအနေနှင့် (ကြောက်ရွံ့မှုကြောင့်၄င်း၊ ရှက်စိတ်ကြောင့်၄င်း၊ ကြေကွဲဝမ်းနည်းမှုကြောင့်၄င်း) မည်သူနှင့်မျှ စကားပြောဆိုလိုစိတ် မရှိခြင်း။<br><br>• အမျိုးသမီးများအား ပတ်ဝန်းကျင်မှယုံကြည်မှုမရှိတတ်ခြင်း<br><br>• မုဒိမ်းကျင့်ခံရသူ ပထမဆုံးဆက်သွယ်သည့် ပုဂ္ဂိုလ်မှ မုဒိမ်းမှုကိုနားလည်မှုမရှိခြင်း၊ သနားကြင်နာမှုမရှိခြင်း<br><br>• ပထမဆုံးဆက်သွယ်သည့်ပုဂ္ဂိုလ်အနေဖြင့် အမျိုးသမီးအဖွဲ့အစည်းများအကြောင်း<br>မသိခြင်း။<br><br>• အကျူးလွန်ခံရသူ ပထမဆုံးဆက်သွယ်သည့် ပုဂ္ဂိုလ်သည် သူမအတွက် အချိန်မပေးနိုင်ခြင်း၊ ယင်းပုဂ္ဂိုလ်အနေနှင့် သူမအား ကူညီနိုင်ရန်အတွက် တရားဝင်အခြေအနေအဆင့်အတန်းမရှိခြင်း၊ ငွေကြေးနှင့်လုပ်ဆောင်နိုင်သည်အင်းအားမရှိခြင်း | • လိင်ပိုင်ဆိုင်ရာအရအကြမ်းဖက်မှု၊ မုဒိမ်းမှုနှင့်ပတ် သက်၍ အခြေခံ သတင်း အချက်အလက်များဖော်ပြထားသည့်ပိုစတာများ၊ လက်ကမ်းစာစောင်များဖြန့်ဝေ ခြင်း။ (ဥပမာ– မုဒိမ်းကျင့်ခံရလျှင် ချက်ချင်းရေချိုးခြင်း၊ သန့်စင်ဆေးကြောခြင်းများ မလုပ်သင့်— စသည်ဖြင့်)<br><br>• ရွှေ့ပြောင်းအလုပ်လုပ်သူအမျိုးသမီးများအတွက်အမျိုးသမီးစွမ်းရည်မြှင့်သင်တန်းများနှင့် အခြားလုပ်ဆောင်မှုများကို အဆက်မပြတ်ဆောင်ရွက်ပေးခြင်း။<br><br>• လူထုအတွင်း မိမိပတ်ဝန်းကျင်အတွင်အလေးထားသတိမူရေးလှုံ့ဆော်၊ ပညာပေးအစီအစဉ်များကို အစဉ်မပြတ်လုပ်ဆောင် ခြင်း။<br><br>• အကြမ်းဖက်မှုပပျောက်ရေးအတွက် အမျိုးသားများအားသင်တန်းပေးခြင်း။<br><br>• လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုအပေါ်အခြေခံ၍ခွဲခြားဆက်ဆံမှုစသည်တို့ကို အခြေခံသည့်အကြမ်းဖက်မှုများအကြောင်းကို လူထုအတွင်း အလေးထားသတိမူရေးလှုံ့ဆော်၊ ပညာပေးမှုများကို အစဉ်မပြတ်လုပ်ဆောင် ခြင်း။<br><br>• အမျိုးသမီးများအတွက်အခြေခံစိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးခြင်းဆိုင်ရာ အခြေခံသဘော တရားများဆိုင်ရာသင်တန်းများ၊ ပြုလုပ်ခြင်း၊ ဆွေးနွေးခြင်း။<br><br>• အမျိုးသမီးအဖွဲ့အစည်းများနှင့်အစိုးရအဖွဲ့အစည်းများ၏ဆက်သွယ်ရန်လိပ်စာ၊ ဖုံး<br>အခန်းကဏ္ဍ၊ ကူညီပံ့ပိုးပေးမှုများအကြောင်းကိုကြော်ငြာပေးခြင်း။<br>အမျိုးသမီးအဖွဲ့အစည်းများ၏ ဖုံးနံပတ်များ၊ NGO များ၏ ဖုံးနံပါတ်လိပ်စာများနှင့် ဒုက္ခသည် စခန်းအသီးသီးမှတာဝန်ရှိသူများ၏ အမည်များကို နေရာအနှံ့ဖြန့်ဝေထားခြင်း။<br>• အခမဲ့ အရေးပေါ် အကျိုးဆောင်သော ဖုံးလိုင်းထားရှိခြင်း။ |

Burmese ARM.pmd Su Su.pmd 23 17/12/2008, 10:08

| | အဆင့် (၂) | ရွှေ့ပြောင်းနေထိုင် အလုပ်သမားအမျိုးသမီးများအတွက် |
|---|---|---|
| ၂ | **မုဒိမ်းကျင့်ခံရသူပထမဆုံး ဆက်သွယ်၍ပြောကြားသည့်ပုဂ္ဂိုလ်မှသူမကိုအမျိုးသမီးအဖွဲ့အစည်းများ (သို့မဟုတ်) NGO များထံသို့ လိုက်ပါပို့ဆောင်ပေးခြင်း။** | ပထမဦးဆုံးဆက်သွယ်မပြုလုပ်သည့်ပုဂ္ဂိုလ်၏အခန်းကဏ္ဍ။<br>ဤအဆင့်တွင် ပထမဦးဆုံးဆက်သွယ်မှုပြုလုပ်သည့်ပုဂ္ဂိုလ်၊ နေရာမှ လုပ်ဆောင်နိုင်သောအချက်များမှာ–<br>၁။ မုဒိမ်းကျင့်ခံရသူကို အမျိုးသမီးအဖွဲ့အစည်းထံသို့သွားရောက်ရာတွင်အဖော်အဖြစ်လိုက်ပါပေးခြင်း။<br>၂။ မုဒိမ်းကျင့်ခံရသူ၏ ဆန္ဒပေါ်မူတည်၍ အဖော်အဖြစ်အတူနေပေးခြင်း (သို့) အကျူးလွန်ခံရသူအား တယောက်တည်းထားပေးခြင်း။<br>၃။ မုဒိမ်းကျင့်ခံရသူ၏ သတင်းအားလုံးဝမပေါက်ကြားစေရန်လုံခြုံစွာထိန်းသိမ်းခြင်း။<br>အမျိုးသမီးအဖွဲ့အစည်း (သို့မဟုတ်) NGO ၏အခန်းကဏ္ဍ။<br>အမျိုးသမီးအဖွဲ့အစည်း (သို့မဟုတ်) NGO များအနေဖြင့်<br>၁။ မုဒိမ်းကျင့်ခံရသူအတွက် သီးသန့်နေရာတခုကို စီစဉ်ပြင်ဆင်ပေးရန်။<br>၂။ မုဒိမ်းကျင့်ခံရသူ/ခံစားရသူ၏ ပြောကြားချက်ကို နားထောင်ပေးရန်။<br>၃။ စိတ်ပိုင်းဆိုင်ရာ ခံစားမှုများအတွက် ပံ့ပိုးမှုပေးရန်။<br>၄။ ကျန်းမာရေး (သို့မဟုတ်)ဒဏ်ရာဒဏ်ချက်များကို စစ်ဆေးစမ်းသပ်ရန် အရေးကြီးကြောင်း နှင့် အဆင့်ဆင့်စစ်ဆေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားရန်။<br>၅။ မုဒိမ်းကျင့်ခံရသူအားဆေးရုံသို့သွားလိုသော ဆန္ဒရှိမရှိ မေးမြန်းပါ။ သွားလိုပါက ချက်ခြင်း သွားရောက်အစစ်ဆေးခံရန်။ (ဖြစ်နိုင်ပါကဆေးကြောခြင်း၊ အဝတ်အစားလဲလှယ်ခြင်းများ မပြုလုပ်ရန်)<br>၆။ အကယ်၍ အမျိုးသမီးအဖွဲ့အစည်းများနေဖြင့် NGO (အစိုးရမဟုတ် သောအဖွဲ့အစည်း)၏ အကူအညီများ လိုအပ်ပါက ဆက်သွယ်၍ NGO၏ တာဝန်ခံတစ်ဦးကို တောင်းရန်။<br>၇။ NGOမှ ဝန်ထမ်းတစ်ဦးကို တာဝန်ပေး၍ မုဒိမ်းကျင့်ခံရသူအားအကူ အညီပေးခြင်း အမျိုးသမီး အဖွဲ့အစည်းနှင့် အတူ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်စေလွှတ်ခြင်း။<br>၈။ NGO တာဝန်ခံမှ မုဒိမ်းကျင့်ခံရသူအားဆေးရုံ၊ ဆေးခန်းသို့ ခေါ်ဆောင်သွားရန်။<br>၉။ ပါဝင်ပတ်သက်သူအားလုံး၊ ၎င်းအမှုကိစ္စအား မပေါက်ကြားစေရန်လုံခြုံစွာစောင့်ထိန်းပါ။<br>၁၀။ မုဒိမ်းကျင့်ခံရသူအတွက် စိတ်ချလုံခြုံရသော နေရာတစ်ခု စီစဉ်ပေး၍တစုံတစ်ယောက်မှ အဖော်အဖြစ် အတူနေပေးရန်။ |



Burmese ARM.pmd Su Su.pmd 24 17/12/2008, 10:08

**သူမကို မိမိက ကူညီရန်ကြိုးစားနေမှန်းသိအောင် ဘယ်လိုပြောနိုင်ပါလဲ။**

• ညီမ(အမ) ဒီနားမှာ ထိုင်ချင်ပါလား။ တို့အတူထိုင်လို့ရမလား၊ ဒါမှမဟုတ်တယောက်ထဲ ခဏလောက် နေချင်ပါသလား။ ( သူမတယောက်ထဲနေချင်သည်ဆိုပါက၊ သူမလုံခြုံရေးအတွက်သူမကိုခင်ဗျား မြင်သာတဲ့နေရာမှာနေရာချထားပေးပါ။)

• ပြီးတဲ့နောက် မိမိနဲ့အဖွဲ့စည်းအကြောင်းကို အကျဉ်းချုပ်ရှင်းပြပါ။ ပြီးနောက်အောက်ပါမေးခွန်းများကို ဆက်မေးပါ။

• တယောက်ယောက်ကို ဆက်သွယ်ချင်ပါသလား။

**မိမိ သူမနဲ့စကားပြောနေတုန်း အောက်ပါ အဓိပ္ပယ်ပါသောစကားလုံးများကိုပြောပါ။**

• အခုလိုအဖြစ်ဆိုးမျိုးနဲ့ကြုံရတာ ညီမ(အမ)အပြစ်မဟုတ်ပါဘူး။ အမှန် တော့ ဘယ်သူအမျိုးသမီး မှအခုလို မုဒိန်းကျင့်ခြင်းကို မခံသင့်ပါဘူး။

• ဘာဘဲဖြစ်ဖြစ် ညီမ(အမ)အခုလို အသက်ရှင်နေတာကို ကျမ ဝမ်းသာလှပါပြီ။ (သူမက မတရား ပြုကျင့်သူအပေါ်အား မှားယွင်းစွာ ယုံကြည်မိကြောင်းနှင့် ပြန်လည်မတိုက်ခိုက်ရခြင်းအတွက်အပြစ်ရှိသလိုခံစားရကဲ့သို့ပြောပါက၊ သူမကိုအသက်ရှင်လျက်ရှိနေသည်ကပင် အလွန်အရေးကြီးကြောင်းသူမစဉ်းစားဆုံးဖြတ်လုပ်ဆောင်ခဲ့သည်မှာအကောင်းဆုံးနည်းလမ်းဖြစ်ကြောင်းပြောပါ။ )

• အခုလို ဖြစ်တာကြားရတာကို ကျမအနေနဲ့တကယ့်ကိုစိတ်မကောင်းပါဘူး။
• ကျမတို့နှစ်ယောက်အကြားမှာ ပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ်။ တကယ်လို့ ညီမ(အမ) ကဘယ်သူ ကိုမှမပြောစေချင်ဘူးဆိုရင် ကျမဘယ်သူ့မှ မပြောပါဘူး။

• အခုနေရတာ ဘယ်လိုနေပါလဲ။ (သူမခံစားနေရတာ ပုံမှန်ပင်ဖြစ်ကြောင်းသိ ပါစေ)၊

• ညီမ(အမ)ဘယ်လို ဖြစ်ခဲ့တယ်ဆိုတာ ပြောပြချင်ပါသလား။
• ဆေးရုံကိုသွားချင် ပါလား၊
• ဆေးရုံရောက်ရင် သူတို့က ညီမ(အမ)ကိုဆေးစစ်ပြီး ဒဏ်ရာတွေကို ဆေးကုပေးလိမ့်မယ်။

• ဆေးရုံက ညီမ(အမ)ဒဏ်ရာတွေအကြောင်းကိုလည်း အစီရင်ခံစာတခုရေးသားပြုစုပေးလိမ့်မယ်၊ တကယ်လို့ညီမ(အမ)က မတရားပြုကျင့်သူကို တရားစွဲမယ်ဆိုရင်ဆေးရုံအစီရင်ခံစာ တရားဝင်အထောက်အထားတခုအဖြစ်အသုံးပြုနိုင်တယ်။

• အခုလိုဆိုတော့ ညီမ(အမ) တို့ကို ဆေးရုံ လိုက်ပို့စေချင်ပါသလား။

• ညီမ(အမ)အနေနဲ့ဆေးရုံးအကြောင်းကို ပိုသိချင်သေးပါသလား။

**အကယ်၍ သူမက ဆေးရုံမသွားချင်ဘူးဆိုလျှင်**
• ညီမ(အမ)မှာကိုယ်ဝန်ရနိုင်တဲ့အ ခြေနေမျိုးရှိလား။ ပဋိသန္ဓေတားဆေးသုံးခဲ့ပါသလား။ (ထိုးဆေးစားဆေး စသဖြင့်)
• (အကယ်၍ သူမအနေဖြင့် မည်သည့် အရေးပေါ်ပဋိသန္ဓေတားဆေးကိုမျှမသုံးစွဲခဲ့လျှင် ) သူမအား ဆက်ပြောရန်– တို့မှာ အရေးပေါ် ပဋိသန္ဓေတား ဆေးရှိတယ်။



Burmese ARM.pmd Su Su.pmd 25 17/12/2008, 10:08

ဒီဆေး တွေက ညီမ(အမ)ကို ကိုယ် ဝန်မရှိအောင် တားဆီးပေးနိုင်တယ်။ ဒီအရေးပေါ် ပဋိသန္ဓေတား ဆေးတွေကို သောက်ချင်ပါသလား။

- ညီမ (အမ)အခုဘာလုပ်ချင်ပါသလဲ၊
- လောလောဆယ်မှာ ညီမ (အမ) မှာနေစရာ တခုခုလိုပါသလား။ (အကယ်၍လို အပ်သည် ဆိုပါက၊ နေဖို့တနေနေရာ စီစဉ်ပေးရန်)
- အကယ်၍ မလိုအပ်ဘူးဆိုပါက၊ ညီမ(အမ)အိမ်ကို ကျမလိုက်ပို့ပေးရမလား၊ နောက် တခေါက် လာပြီး ကျမတို့စကားထပ်ပြောကြအုံးမလား။
- ညီမ(အမ) အိမ် ကို တို့လာ လည်လို့ရမလား။
- မိမိ၏ဖုန်းနံပါတ်ကိုသူမအားပေးထားရန်၊

## သတိပြုရန်

မတရားပြုကျင့်ခံရခြင်း သို့မဟုတ် အခြားသော လိင်မှုဆိုင်ရာ စော်ကားခြင်းခံရသော အမျိုးသမီးများ၏ စိတ်ခံစားမှုများသည် အခြေနေ နှင့် အချိန်အခါ အပေါ်ကိုလိုက်၍ အမျိုးမျိုး ဖြစ်နိုင်သည်။ အခုကဲ့သိုဖြစ်ပွားရခြင်း နှင့် ဖြစ်ခဲ့ရခြင်း အပေါ်တွင် သူတို့အောက်ပါအတိုင်း ခံစားရတတ်သည်–

- မိမိတို့ကိုယ်တိုင်တွင် အပြစ်ရှိသလို ခံစားရခြင်း
- မိမိတွင်ကိုယ်ပိုင်စွမ်းရည်မရှိသလိုခံစားရခြင်း
- ဒေါသထွက်ခြင်း
- ရှက်ခြင်း
- စိတ်ဓါတ်ကျခြင်း
- စိတ်ရှုပ်ထွေးခြင်း
- ကြောက်ရွံ့ခြင်း
- ဘယ်အရာကိုယ်မှ တုန့်ပြန်မခံစားနိုင်ဘဲ ထုံပေပေ ဖြစ်သွားခြင်း
- ကိုယ်ပိုင်ယုံကြည်မှု ပျောက်ဆုံးသွားခြင်း
- တခါတရံတွင် အိပ်မပျော်၊ စားမဝင်ဖြစ်ခြင်း၊ အာရုံစူစိုက်မှုလျော့နည်းများ ဖြစ်တတ်သည်။

ထိုအဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရသော အမျိုးသမီးများအနေဖြင့် ပုံစံအမျိုးမျိုးဖြင့် တုန့်ပြန်ပြီး ၊ တုန့်ပြန်ပုံမှာ လည်းအချိန်အလိုက် ပြောင်းလဲတတ်သည်မှာ ဓမ္မတာဖြစ်သည်။ အထူးသဖြင့် ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ တုန့်ပြန်မှု့ အချိန်ကွာ ခြားနိုင်သည်။ လိင်ပိုင်းဆိုင်ရာ စော်ကားခံရသူအမျိုးသမီးများအတွက် မိသားစုဝင်များနှင့် သူငယ်ချင်းများ ထံမှနား လည်မှုနှင့် အားပေးမှုများ လိုအပ်သောလည်း သူတို့ကိုအားဖွင့်ပြောရန်မှာ ခက်ခဲသော အလုပ် တခုဖြစ်သည်။



Burmese ARM.pmd Su Su.pmd 26 17/12/2008, 10:08

| ကြုံတွေ့ နိုင်သောအခက်အခဲပြဿနာများ | အကြံပြုလိုသော လုပ်ဆောင်ချက်များ |
| --- | --- |
| • အိမ်နီးချင်း (သို့မဟုတ်) အလွန်နီးစပ်သောအသိုင်းအဝိုင်းအတွင်း၌ သတင်းပေါက် ကြား ရန်လွယ်ကူခြင်း။<br><br>• မုဒိမ်းကျင့်ခံရသူအမျိုးသမီးအတွက်လုံခြုံစိတ်ချရသောနေရာရရှိရန်ခက်ခဲခြင်း။<br><br>• အမျိုးသမီးအဖွဲ့အစည်းများအတွင်း ငွေကြေးနှင့်ပတ်သက်၍ ဖော်ပြပါအဆင့်များကို ကျွမ်းကျင်စွာကိုင်တွယ်ဖြေရှင်းနိုင်အောင် လေ့ကျင့်ထားသူများ မရှိခြင်း<br><br>• အဖွဲ့အစည်းများ၌ စိတ်ပိုင်းဆိုင်ရာအကြံ ပေးရန်လေ့ကျင့်ခဲ့ဖူးသော အမျိုးသမီးများရှိသော်လည်း အခြားလုပ်ဆောင်ရန်တာဝန်များရှိနေခြင်းကြောင့်၊ စိတ်ပိုင်း ဆိုင်ရာအကြံပေးမှုအတွက် အချိန်မပေးနိုင်ခြင်း။ စိတ်ပိုင်းဆိုင်ရာအကြံပေးခြင်းကိုရာထူးတာဝန်တခုအဖြစ် မမြင်ခြင်း။<br><br>• အမျိုးသမီးအဖွဲ့အစည်းများအနေဖြင့် အကျပ်အတည်းကာလကြုံတွေ့နေရသောအခြေအနေ (အဖမ်းအဆီးခံရခြင်း၊ အပိတ်ဆို့ခံရခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခွင့်များပိတ်ပင်ထားခြင်း) တွင်လာ ရောက်ခိုလှုံသောရွှေ့ပြောင်းအလုပ်လုပ်နေထိုင်သူများကို မည်သည့် အကူအညီမှမပေးနိုင်ပဲ ထွက်ခွာသွားရခြင်း။ | • အဖွဲ့အစည်းများမှ အဖွဲ့ဝင်များအတွက် လျှို့ဝှက်ချက်များလုံခြုံစွာထိန်းသိမ်းရန်ကိစ္စများ နှင့်ပတ်သက်၍ လမ်းညွှန် ချက်များကို ရေးဆွဲရန်တွင်မူဝါဒဆိုင်ရာဆွေးနွေးပွဲများပြုလုပ်ခြင်း ။<br><br>• အမျိုးသမီးအဖွဲ့အစည်းများ၌ ကယ်ဆယ်ရေးဌာနများထားရှိခြင်း သို့မဟုတ်မုဒိမ်းကျင့်ခံရသူအား စိတ်ပိုင်းဆိုင်ရာအကြံပေးဆောင်ရွက်နိုင်ရန်အမျိုးသမီးအဖွဲ့ဝင်များအားလိုအပ်သောသင်တန်းပေးခြင်း<br><br>• ကယ်ဆယ်ရေး ဌာနရှိသော အမျိုးသမီးအဖွဲ့အစည်းသို့ဆက်သွယ်ပေးခြင်း<br><br>• အဖွဲ့အစည်းများ၌စိတ်ပိုင်းဆိုင်ရာ အကြံပေးသူများအတွက် နေရာပေးခန့်အပ်ခြင်းကိုပြုလုပ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာအကြံပေးခြင်းသင်တန်းအတွက် သင်တန်းတက်ရောက်ရန်ပိုမိုစိစစ်ရွေးချယ်ခြင်း။ သင်တန်းပြီးဆုံးလျှင်သင်တန်းဆင်းထားသူအား စိတ်ပိုင်းဆိုင်ရာအကြံပေးခြင်းဆိုင်ရာတာ ဝန်ကို ထမ်းဆောင်စေခြင်း။<br><br>• ပြည်တွင်း၊ ပြည်ပ NGOအဖွဲ့များနှင့် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့ အစည်းများအား ဖြစ်ပွားသော အခြေအနေအရပ်ရပ်ကို တင်ပြတိုင်ကြားခြင်း၊ ယင်းအခြေအနေအရပ် ရပ်ကိုမှတ်တမ်းတင်ထားခြင်း၊ |

| | **အဆင့် (၃)** | **အမျိုးသမီးအဖွဲ့အစည်း၏ကူညီပံ့ပိုးပေးသည့် အခန်းကဏ္ဍ** |
|---|---|---|
| ၃ | **အားပေးပံ့ပိုးသူမှမုဒိမ်းကျင့်ခံရသူအားကျန်းမာ ရေး ဌာန (သို့) ဆေးရုံသို့ လိုက်ပါပို့ဆောင်ခြင်း** | **အမျိုးသမီးအဖွဲ့အစည်းမှ မုဒိမ်းကျင့်ခံရသူကို ကူညီပေးရန်သီးသန့်အမျိုးသမီး တဦးထားရှိပေးခြင်း**<br>၁။ မုဒိမ်းကျင့်ခံရသူ အမျိုးသမီးအား ဆေးရုံသို့ခေါ်ဆောင်မလာမီ ဆေးရုံးနှင့်ပတ်သက်သည့်အချက်အလက်များကိုရှင်းပြရန်<br>၂။ မုဒိမ်းကျင့်ခံရသူ(သို့မဟုတ်) ရပ်တည်ရှင်သန်သူကို ကျန်းမာရေးဌာန/ဆေးရုံ/အရေးပေါ်နားနေရာဌာ (OSCC) များသို့ လိုက်ပါပို့ဆောင်ပေးခြင်း။<br>၃။ မုဒိမ်းကျင့်ခံရသူအတွက် လိုအပ်ပါကစကားပြန်စီစဉ်ပေးခြင်းနှင့် ကူညီစောင့်ဆိုင်းပေးခြင်း။<br>၄။ မုဒိမ်းကျင့်ခံရသူအတွက် အမျိုးသမီးဆရာဝန်ကိုယ်တိုင် စမ်းသပ်ကုသပေးရန် မေတ္တာရပ်ခံ တောင်းဆိုပေးခြင်း။<br>၅။ မုဒိမ်းကျင့်ခံရသူအမျိုးသမီးအားဆေးရုံသို့ခေါ်ဆောင်မလာမီ မည်သည့်ဆေးဝါးများတိုက်ကျွေးခဲ့သည်ကို လာရောက်စစ်ဆေးသောဆရာဝန်အား ရှင်းပြရန် (ဥပမာ။ အရေးပေါ်ပ)<br>၆။ မုဒိမ်းကျင့်ခံရသူကို မည်သို့စမ်းသပ်၍ ဆေးစစ်ချက်ရယူမည်ကိုဆရာဝန်အားရှင်းပြပေးစေရန်။<br>၇။ ဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်း ဖြည့် ပြီး၊ မပြီး သေချာစွာပြန်စစ်ပါ။<br>၈။ မုဒိမ်းကျင့်ခံရသူမှ တောင်းဆိုပါက ဆေးကုသမှုဆိုင်ရာ ညွှန်ကြားချက်များအား လုံးကိုနားထောင်ပေးရန်။ (နောက်ပိုင်းတွင် မုဒိမ်းကျင့်ခံရသူအား ပြန်လည်ရှင်းပြနိုင်ရန်။)<br>၉။ ဆေးဝါးကုသခစရိတ်အတွက် လိုအပ်သလိုစီစဉ်ပေးရန်။<br>၁၀။ အချက်အလက်အားလုံးကို ပေါက်ကြားမှုမရှိစေရန် အထူးတင်းကျပ်စွာ စောင့်စည်းပေးရန်။<br>**ဆေးရုံ/ဆေးခန်း၏အခန်းကဏ္ဍ။**<br>၁။ ဆေးကုသလာသူ မုဒိမ်းကျင့်ခံရသူ ကာယကံရှင်အား သီးသန့်လုံခြုံသောနေရာ တစ်ခုစီစဉ်ပေးပြီး သူမထံမှ ဖြစ်ပျက်သမျှ အကြောင်းကို စစ်တမ်းယူပါ။<br>၂။ ဆေးကုသရာ၌ ကုသမှုအစီအစဉ်ကို ရှင်းပြခြင်း။<br>၃။ အမျိုးသမီးကျန်းမာရေးဝန်ထမ်းမှ လိုအပ်သလိုစစ်ဆေးခြင်းနှင့် ကုသခြင်းကိုဆောင်ရွက်ခြင်း<br>– အမျိုးသမီးဆရာဝန်မှပြင်ပဒဏ်ရာ နှင့်အတွင်းဒဏ်ရာများကို စစ်ဆေးပေးခြင်း။<br>– နှစ်ပတ်အတွင်း၌ လိင်ဆက်ဆံမှုအားဖြင့် ဖြစ်ပေါ်နိုင်သည့် ကူးစက်ရောဂါများ (STDs) စစ်ဆေးခြင်း (သို့မဟုတ်) စစ်ဆေးရန် ရက်ချိန်းပေးခြင်းတို့ကိုပြုလုပ်ခြင်း။ |

– ထပ်မံစစ်ဆေးရန်လိုအပ်ပါကရက်ချိန်းပေးခြင်း(ဥပမာ–စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အကြံပေးခြင်း၊ ကိုယ်ဝန်ရှိမရှိစစ်ဆေးခြင်း၊ ခုခံအားကျဆင်းမှု (HIV ရောဂါပိုးအတွက် ဆွေးနွေးအကြံပြုခြင်း)

– အရေးပေါ်ပဋိသန္ဓေတားဆေးကို တိုက်ကျွေးရန်စီစဉ်ခြင်း။ (ကာမမြောက်ကျူးလွန်ခံရခြင်း)

**မှတ်ချက်။ ဒီဆေးစစ်ခြင်းများကိုလိင်ပိုင်ဆိုင်ရာ အကြမ်းဖက်ခံရပြီးနောက်ဆောင်ရွက်နိုင်သည်။**

၄။ ဆေးစစ်ရာတွင် ဥပဒေရေးရာအရ အကြုံးဝင်သောဆေးစစ်ချက်များမှာ

– မုဒိမ်းကျင့်ခံရသူအမျိုးသမီး၏လိင်အင်္ဂါတဝိုက်တွင်ကျန်ရှိနေသောသက်သေအထောက်အထားများကိုစုဆောင်းပါ

– (ဥပမာ ယောကျာ်းအင်္ဂါမှ ကျန်ရှိနေသောအမွေးများ၊ ဂွမ်းစဖြင့်အမျိုးသမီးပါးစပ်မှအရည်ကိုသုတ်ယူထားပါ)

– အမျိုးသမီးလက်သည်ကြားတွင်ရှိသော သက်သေအထောက်အထားများကိုစုဆောင်းပါ။

– ကိုယ်ပေါ်တွင်ရှိသောဒဏ်ရာ၊ အညိုအမည်းများကို သက်သေ အထောက်အထားအနေဖြင့်ဓာတ်ပုံရိုက်ယူထားပါ။

– ကိုယ်ပေါ်တွင်ရှိသောဒဏ်ရာ၊ အညိုအမည်းများကိုမှတ်တမ်းတင်ချရေးထားပါ။

– ဆေးမှတ်တမ်းများဖြည့်စွက်ခြင်းကို ပြည့်စုံအောင်ပြုလုပ်ခြင်း၊ အခြားသောစာရွက်စာတမ်း အထောက်အထားများကို ထိုင်းအာဏာပိုင်များ အတွက်လိုအပ်သလိုစီစဉ်ပေးခြင်း။

**မှတ်ချက် – ဒီစစ်ချက်များကို ၇၂ နာရီအတွင်း သို့မဟုတ် မုဒိမ်းကျင့်ခံရနောက်တွင်အမြန်ဆုံး ဆောင်ရွက်ရမည်။**

**မုဒိမ်းကျင့်ခံရသူ ကာယကံရှင်၊ ရပ်တည် ရှင်သန်သူ**

၁။ ဆရာဝန်အား အမှုနှင့်ပတ်သက်၍ အတတ်နိုင်ဆုံးအသေးစိတ် အချက် အလက်များပေးပါ။

၂။ မိမိသိလိုသမျှကို ဆရာဝန်အားမေးပါ။

၃။ မိမိအားလိုက်လံကူညီပေးသူအား မိမိ၏ဆန္ဒအတိုင်း တွေ့ဆုံလိုသော အချိန်၊ တွေ့ဆုံလိုသောနေရာကို အားနာမှုမရှိပဲ ပြောပါ။



Burmese ARM.pmd Su Su.pmd 29 17/12/2008, 10:08

| ကြုံတွေ့ နိုင်သောအခက်အခဲပြဿနာများ။ | ဆောင်ရွက်သင့်သည့် အရေးယူဆောင်ရွက်မှုအစီအစဉ်များ |
|---|---|
| • (OSCC)အရေးပေါ်ခေတ္တနားနေရာဌာနများသည် အမှုကိစ္စကို အများမသိအောင် လျှို့ဝှက်ထားရန် အာမ–မခံနိုင်ခြင်း၊<br><br>• အနီးဆုံးဆေးရုံ၊ ဆေးခန်းတွင် အရေးပေါ်ခေတ္တနားနေရာ၊ ဌာန (OSCC) မရှိခြင်း။<br><br>• အမျိုးသမီးအဖွဲ့အစည်းနှင့်(OSCC) ဌာနဆိုင်ရာဝန်ထမ်းများအကြားပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း။<br><br>• အမျိုးသမီးအဖွဲ့အစည်းအနေဖြင့် မှတ်ပုံတင်ထားသည့် ရွှေ့ပြောင်းသူများအား ထိရောက်စွာ ကူညီနိုင်သော်လည်း မှတ်ပုံတင်မရှိသောရွှေ့ပြောင်းသူများအားအကူအညီပေးရာ၌ အခက်အခဲများရှိခြင်း။ | • အမျိုးသမီးအဖွဲ့အစည်းများနှင့် NGOများသည် ၎င်းတို့ဒေသ အတွင်းရှိ အရေးပေါ်ခေတ္တနား နေရာဌာနနှင့် ဆက်သွယ်၍ပုံမှန် ဆွေးနွေးပွဲများပြုလုပ်ခြင်း။<br><br>• အမျိုးသမီးအဖွဲ့အစည်းများမှ မိမိဒေသအတွင်းတွင်အရေးပေါ်ခေတ္တနားနေရာဌာနတခု လိုအပ်နေကြောင်း အမျိုးသမီးမိတ်ဆွေများအဖွဲ့အစည်း (Friends of Women Foundation) သို့အဆက်အသွယ်များနှင့် တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ခြင်း။<br><br>• အမျိုးသမီးအဖွဲ့အစည်းများနှင့် ဆေးကုသရေးအဖွဲ့ (OSCC) တို့အကြား အပြန်အလှန်နားလည်မှု တည် ဆောက်ရန်နှင့် နှစ်ဦးနှစ်ဖက် သဘောတူလက်ခံသည့် လုပ်ငန်းစဉ်ဆောင်ရွက်မှုတခု ရှိလာအောင် ပုံမှန် အစည်းအဝေးများ ပြုလုပ်ခြင်း။<br><br>• NGO အဖွဲ့အစည်းများသို့ ဆက်လက်လွှဲအပ်သည့် စံနစ်တခု တည်ဆောက်ခြင်း။ အမျိုးသမီးအဖွဲ့ အစည်းများနှင့် NGO အဖွဲ့အစည်းတို့အကြား တစ်ဖက် နှင့်တစ်ဖက် အပြန်အလှန် အကျိုးပြုကာ မိမိတို့၏ အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများကို ပီပီပြင်ပြင် ဖြစ်လာစေရေးအတွက်ဆွေးနွေးပွဲများ ညှိနှိုင်းတိုင်ပင်ခြင်းများ ပြုလုပ်ခြင်း |

**ဥပဒေတွင် ပါရှိသော အချက်များ။**

***ရွှေ့ပြောင်းအလုပ်လုပ်သူအမျိုးသမီးများ၏ ကျန်းမာရေးဆေးကုသခြင်းဆိုင်ရာ အခွင့်အရေး***

- မည်သူမဆိုဆေးရုံသို့ ကျန်းမာရေး စစ်ဆေးကုသမှုခံယူနိုင်ခွင့်ရှိသည်။
- ရွှေ့ပြောင်းအလုပ်သမားမှတ်ပုံတင်ရှိသူများအတွက် ထိုင်းနိုင်ငံလုံးဆိုင်ရာကျန်းမာရေးပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ မူဝါဒအရ ဆေးကုသစရိတ် ဘတ်(၃၀)သာကုန်ကျမည်ဖြစ်သည်။
- အလုပ်သမားမှတ်ပုံတင်မရှိသော ရွှေ့ပြောင်းအလုပ်လုပ်သူအမျိုးသမီးများ ကျသင့်သောဆေးဖိုးဝါးခအတွက်လူမှုအဖွဲ့အစည်းများထံ အကူအညီတောင်း၍ကျခံစေခြင်း၊ စေတနာဝန်ထမ်းပုဂ္ဂိုလ်များနှင့်တိုင်ပင်၍ ကျသင့်သည့်ဆေးဖိုးဝါးခကို လျှော့ပေးစေခြင်း။ အကယ်၍ပေးဆောင်ရန်ငွေမရှိသောစေတနာဝန်ထမ်းနှင့်တိုင်ပင်ဆောင်ရွက်ပါ။

**မုဒိမ်းမှုအတွက် လုပ်ဆောင်ရန်လုပ်ငန်းစဉ်**

- မုဒိမ်းမှုဖြစ်ပွားသည့်အကြောင်းကို ဆေးရုံရှိ (OSCC) ဆရာဝန်ထံသို့ အကြောင်းကြား သတင်းပို့ပါ။
- ဆေးရုံသို့ မရောက်မီအတွင်း အခင်းဖြစ်ပွားစဉ်က ဝတ်ဆင်ထားသော အဝတ်အစားများကို လဲလှယ်ခြင်း၊ ရေချိုးခြင်း၊ ဆီးသွားခြင်းများမပြုလုပ်ပါနှင့်။
- ဆရာဝန်ကသင့်အား ဆေးစစ်၍ တွေ့ရှိချက်များကို ဆေးမှတ်တမ်းအစီရင်ခံစာရေးမည်ဖြစ်သည်။
- ဆရာဝန်က သင့်အား ကိုယ်ဝန်မရရှိစေရန်အရေးပေါ် ပဋိသန္ဓေတားဆေးကို တိုက်ကျွေးကောင်းတိုက်ကျွေးမည်ဖြစ်သည်။

- မုဒိမ်းကျင့်ခံရပြီး အရေးပေါ်ပဋိသန္ဓေတားဆေးကို မသောက်လိုက်ရ၍ ကိုယ်ဝန်ရရှိလာသောအခါမျိုးတွင် သင်က ကိုယ်ဝန်ကို မလိုချင်ပါက တရားဝင်ဖျက်ချပိုင်ခွင့် ရှိသည်။
- ဆရာဝန်မှ သင့်အား ရဲသို့တိုင်ချက်ဖွင့်လိုခြင်းရှိ၊ မရှိမေးမြန်းပါမည်။
- ရဲသို့တိုင်ချက်ဖွင့်ရန်ကိစ္စနှင့်ပတ်သက်၍ ချက်ခြင်းတိုင်ကြားမည် (သို့မဟုတ်) အချိန်ယူစဉ်းစားပြီးမှ တိုင်ကြားမည် တို့သည် သင်၏ဆန္ဒအတိုင်း ရွေးချယ်ခွင့်ရှိသည်။

- အကယ်၍မုဒိမ်းကျင့်ခံရသူ သည် အသက် ၁၈နှစ်အောက်ဖြစ်ပါက (သို့မဟုတ်)
- မုဒိမ်းကျင့်ခံရသူသည် ဆောက်တည်ရာမရဖြစ်လောက်အောင် ကိုယ်စိတ်ဝေဒနာခံစားနေရသောကြောင့်မည်သည့် ဆုံးဖြတ်ချက်ကိုမျှ ပြုလုပ်နိုင်ခြင်းမရှိဖြစ်ခြင်း တို့ကို တွေ့ရှိရပါက ဆေးရုံအနေဖြင့် ဥပဒေအရ ရဲသို့တိုင်ချက်ဖွင့်နိုင် သည်။

**မှတ်ချက် – ရဲသို့တိုင်ချက်ဖွင့်ခြင်းနှင့် ပတ်သက်၍–( ရဲသို့တိုင်၊ မတိုင်ကို ) အထက်ဖော်ပြပါအခြေအနေမျိုးမှလွဲ၍အ မုဒိမ်းကျင့်ခံရသူကာယံကံရှင် ကိုယ်တိုင်သာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။**

## OSCC

OSCC ဆိုသည်မှာ လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ခံရသော အမျိုးသမီးနှင့် အရွယ်မရောက်နေသောကလေး များအတွက်ဆေးရုံတွင် သီးသန့်စင်တာတစခုအနေဖြင့်ထားရှိသည်ကိုဆိုလိုသည်။ OSCC တွင်လိင်ပိုင်းဆိုင်ရာ အရကြုံတွေ့နေရသောသူများကို စောင့်ရှောက်ရန် အတွေ့အကြုံရှိသော ဆရာဝန်များ၊ စိတ်ပိုင်းဆိုင်ရာကုသသော ဆရာဝန်များ နှင့်စေတနာ၀န်ထမ်းများထားရှိသည်။ ရုပ်ပိုင်းဆိုင်ရာ နှင့်စိတ်ပိုင်းဆိုင်ရာကုသမှုများအတွက် OSCC တွင်တာဝန်ရှိသည်။

– လိုအပ်သည်များကိုနွေးထွေးစွာစီစဉ်ပေးခြင်း – ဥပမာ – နေစရာမရှိလျှင်ရှာပေးခြင်း
– ရဲစခန်းသို့အမှုအတွက်ဆက်သွယ်ပေးခြင်း
– အိမ်သို့သွားရောက်လည်ပတ်ခြင်း



Burmese ARM.pmd Su Su.pmd 31 17/12/2008, 10:08

| | အဆင့် (၄) | ရွှေ့ပြောင်းအလုပ်လုပ်သူအမျိုးသမီးများအတွက် |
|---|---|---|
| ၄ | **အားပေးပံ့ပိုးသူ၊ အဖွဲ့ အစည်းမှမုဒိမ်းကျင့်ခံရသူအားကူ ညီထောက်ပံ့မှုများပေးခြင်း** | **အမျိုးသမီးအဖွဲ့ အစည်း (သို့မဟုတ်) *NGOs* ၏အခန်းကဏ္ဍ။**<br>၁။ မုဒိမ်းကျင့်ခံရသူနှင့် သူမအားကူညီအားပေးနိုင်သူအတူနားခိုမည့်နေရာတစ်ခုစီစဉ်၍ ယင်းနေရာအား လုံးဝလုံခြုံစိတ်ချရသည့် နေရာတခုဖြစ်အောင်စီစဉ်ပေးခြင်း<br>၂။ မုဒိမ်းကျင့်ခံရသူအတွက် သက်တောင့်သက်သာရှိသောနေရာနှင့် ပတ်ဝန်းကျင်ကိုဖန်တီးပေးခြင်း၊ သူမ၏အဖော်အဖြစ် သူမနှင့်အတူနေပေးရန် မည်သူ့ကိုခေါ်ထားလိုကြောင်းမေးမြန်းပါ။<br>၃။ မကြာခဏ နစ်နာသူထံသွားရောက်လည်ပတ်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အကြံပေးခြင်းများပြုလုပ်ပါ။<br>၄။ မုဒိမ်းကျင့်ခံရသူအား ဖြစ်နိုင်ချေရှိသောအရေးယူဆောင်ရွက်ချက်များနှင့်ဖြစ်ပေါ်လာနိုင်မည့်အကျိုးဆက်များကို ရှင်းပြပါ။<br>၅။ မုဒိမ်းကျင့်ခံရသူအနေနှင့် ရွေးချယ်နိုင်သည့် နည်းလမ်းများ နှင့် မရှင်းလင်းသည်များကို မေးနိုင်ရန်အတွက် သူမအားစဉ်းစားချိန်ပေးပါ။<br>၆။ နောက်ထပ်လိုအပ်သည့်သတင်းအချက်အလက်များကို သက်ဆိုင်ရာဌာ နများမှရယူပါ။ အကယ်၍လိုအပ်ခဲ့လျှင် မိမိ၏ အမည်နှင့်လိပ်စာ၏အမည်နာမများနှင့်တည်နေရာအရပ်များကို ဖော်ပြရမည်ဖြစ်သည်ရယူပါ။<br>၇။ အသေးစိတ်အစီရင်ခံစာ ရေးသားခြင်းနှင့် ဖြစ်ရပ်မှတ်တမ်းတင်ပုံစံဖြည့်ခြင်းများပြုလုပ်၍ လုံခြုံလို့ဝှက်စွာထားရန်။<br>မုဒိမ်းကျင့်ခံရသူ ကာယကံရှင်<br>၁။ ကိုယ်၊ စိတ် နှစ်ပါးစလုံး နဂိုပုံမှန်အခြေအနေသို့ ရောက်ရှိလာစေရန် အတွက်အချိန်ယူပါ။<br>၂။ လိုအပ်လျှင်မေးခွန်းများမေးနိုင်သည်။ |

| ကြုံတွေ့နိုင်သောအခက်အခဲပြဿနာများ | ဆောင်ရွက်သင့်သည့် အရေးယူဆောင်ရွက်မှု အစီအစဉ်များ |
|---|---|
| • လျှို့ဝှက်ချက်များအသေးစိတ်မဖော်ပြဘဲ၊ လိုအပ်သည့်အချက်အလက်များကိုရယူရန် သက်ဆိုင်ရာဌာနများသို့ဆက်သွယ်ရန်ခက်ခဲခြင်း။<br>• အမျိုးသမီးအဖွဲ့အစည်း (သို့မဟုတ်) NGO အဖွဲ့အစည်းများတွင်တိုင်ကြားချက် အစီရင်ခံစာ ရေးသားရန်အတွက်လုံလောက်သောကျွမ်းကျင်မှုများ မရှိခြင်း။ | • တာဝန်ယူကူညီပံ့ပိုးပေးသောအဖွဲ့အ စည်း၊ ပုဂ္ဂိုလ်များနှင့်ပုံမှန် တွေ့ဆုံအစည်း အဝေးများလုပ် ခြင်း။<br>• အမျိုးသမီးအဖွဲ့အစည်း မှဝန်ထမ်းများကို ဖြစ်ရပ်မှတ်တမ်းတင်ပုံစံများဖြည့်စွက်ရေးသားတတ်လာစေရန်၊ လေ့ကျင့်မှု သင်တန်းများ ပြုလုပ်ခြင်း။ |

**အဆင့် ၄ လုပ်ဆောင်ပြီးသည့် နောက်ပိုင်း အခန်းကဏ္ဍ**

• ကာယကံရှင်အကျူးလွန်ခံရသူသည် အဆင့် ၁–မှ အဆင့် ၄–အထိ လုပ်ဆောင်ပြီးနောက်ပိုင်း၌ မည်ကဲ့သို့ သော အရေးယူမှုမျိုးကိုမှ ဆက်လက် မလုပ်ဆောင်လိုတော့ပါဟု ဆုံးဖြတ်ကောင်း ဆုံးဖြတ်နိုင်သည်။ သို့သော်လည်း သူမအနေဖြင့် ကိုယ်စိတ်ကျန်းမာရေး၊ နဂိုပုံမှန်အခြေအနေသို့ ရောက်ရှိရန်နှင့်အနားယူနိုင်ရန်အတွက် သူမ၏ လူမှုအသိုင်းအဝိုင်း ပတ်ဝန်းကျင်နှင့် အမျိုးသမီးအဖွဲ့အစည်းမှ အားပေးကူညီထောက်ပံ့မှုများ သူမအနေဖြင့် ရယူလိုကောင်းရယူလိုမည်။

• အကယ်၍သူမသည် အရေးယူဆောင်ရွက်မှုကို ဆက်လက်လုပ်ဆောင်လိုခြင်းမရှိတော့ပါက၊သူမအားသူမလိုအပ်သည့်အကူအညီများကို ပံ့ပိုးပေးရန်။

– သူမအနေဖြင့် တိတ်ဆိတ်စွာဖြင့် သူမ၏ ဘဝကို အသစ်ပြန်လည်တည်ဆောက်လိုသည့် ဆန္ဒရှိကောင်း ရှိမည်။

– သူမအနေဖြင့် မိမိယုံကြည်ကိုးကွယ်သည့် ဘာသာတရားအလိုက်ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကုစားခြင်းနှင့်ဖြစ်စေ (ဘုရားဝတ်ပြုခြင်း၊ တရားထိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အကြံပေးမှုများကို ရယူခြင်း၊ ယောဂလေ့ကျင့်ခဏ်းလုပ်ခြင်း) စသည်တို့ကိုလုပ်ဆောင်ခြင်းဖြင့် သူမ၏စိတ်ခံစားမှု ဝေဒနာများအား ကုစားလိုသောဆန္ဒ ရှိကောင်းရှိမည်။

– သူမသည် သူမခံစားခဲ့ရသော မုဒိမ်းမှုနှင့်ပတ်သက်သည့်အဖြစ်အပျက်ကို တနည်းတဖုံအားဖြင့် ထုတ်ဖော်ရန်အတွက် ဝတ္ထုရေးခြင်း၊ ပုံဆွဲခြင်း၊ ပန်းချီဆွဲခြင်း၊ အနုပညာ များကိုဖန်တီးခြင်း၊ ပြဇာတ်ကကွက်များဖန်တီးခြင်းများကိုလုပ်ဆောင်လိုကောင်းလိုမည်။ သူမလုပ်လိုသည့် ဆန္ဒများ၊ လိုအပ်ချက်များမှာ တခုချင်း တသီးတခြားစီ ဖြစ်နေ သည့် လိုအပ်ချက်များမဟုတ်ပါ။ သူမအနေဖြင့် တစ်ချိန်ထဲ တစ်မျိုး သို့မဟုတ် နှစ်မျိုးလိုကောင်းလိုနိုင်သည်။ အကယ်၍သူမအနေဖြင့် နောက်တဆင့်တိုး၍အရေးယူလုပ်ဆောင်ရန် ဆန္ဒရှိပါက အလားတူအထောက်အပံ့များလိုအပ် မည်ဖြစ်သည်။

ဤဆုံးဖြတ်ချက်များသည် တခုချင်း တသီးတခြားစီ ဖြစ်နေသည့် ဆုံးဖြတ်ချက်များ မဟုတ်ပဲ သူမအနေဖြင့် တစ်ချိန်ထဲ အထက်ပါဖော်ပြချက်များထဲမှ တစ်ခုသို့မဟုတ်နှစ်ခုသို့မဟုတ် ယင်းထက်ပို၍ လုပ်ဆောင် လိုကောင်းလုပ်ဆောင် လိုလိမ့်သည်။ သူမ၏ ဆုံးဖြတ်ချက်ကို လေးစားအသိအမှတ်ပြု၍ အားပေးကူညီမှု၊ ပံ့ပိုးမှုများပေးရမည်၊
အကယ်၍သူမအနေနှင့် အရေးယူဆောင်ရွက်မှုကို လိုလားသော်လည်း မည်ကဲ့သို့သောအရေးယူဆောင်ရွက်မှု ဆက်လုပ်မည်ကို မသေချာပါက အဆင့် (၅)အတိုင်း ဆက်လက်လုပ်ဆောင်ရန်။
အကယ်၍သူမအနေဖြင့် အရေးယူဆောင်ရွက်မှုကို ဥပဒေအရလုပ်ဆောင်လိုလျှင် အဆင့် (၆) အတိုင်းဆက်လက်လုပ်ဆောင်သွားရန်။



Burmese ARM.pmd Su Su.pmd 33 17/12/2008, 10:08

မုဒိမ်းကျင့်ခံရသူသည် သူမ၏ထိခိုက်နစ်နာမှုအပေါ် ၌ နောက်ဆက်တွဲ အရေးယူဆောင်ရွက်မှုများလုပ်ရန် စိတ်အားထက်သန်နေသော်လည်း ၎င်းအမှုကိုတရားရုံးတင်၍ တရားစွဲ ဆိုခြင်း မပြုလိုသေးသည့်အခြေ အနေကာလမျိုးတွင်ရှိနေနိုင်သည်၊ ကာယကံရှင်၏ သဘောတူညီချက်ရရှိပြီးပါက သက်ဆိုင်ရာသူအဖွဲ့အစည်းများဌာနများထံသို့တိုင်ကြားအစီရင်ခံစာပေးပို့ခြင်းဖြင့် ၎င်းအဖွဲ့အစည်း၊ ဌာနများက ယင်းတို့၏ လုပ်ပိုင်ခွင့်အာဏာဖြင့်အမှုကို တရားဝင်ဆက်လက်အရေးယူဆောင်ရွက်နိုင်သည်။ သို့သော်လည်း ဤအခြေအနေတွင် သူမအနေဖြင့် အခြားဖြစ်နိုင်ချေ၊ လုပ်နိုင်သောနည်းလမ်းများကိုလည်းဆက်လက်ရှာဖွေလေ့လာနေပေသည်။

| | **အဆင့်(၅)** | **NGO နှင့် အမျိုးသမီးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ။** |
|---|---|---|
| ၅ | **အားပေးပံ့ပိုးသူနှင့် မုဒိမ်းကျင့်ခံရသူမှ ဂရုဏာသက်သူအဖွဲ့အစည်းများ၊ ဌာနများသို့သတင်းပို့ခြင်းနှင့် အစီရင်ခံစာတင်သွင်းခြင်း** | **မုဒိမ်းကျင့်ခံရသူကာယကံရှင်၊ ရပ်တည်ရှင်သန်သူ**<br>၁။ အမျိုးသမီးအဖွဲ့အစည်းသို့မဟုတ် ရှေ့နေ သို့မဟုတ် လူ့အခွင့်အရေးကော်မရှင်သို့ အမှုဖြစ်ရပ်အစီရင်ခံစာအသေးစိတ်ပေးပို့ ပေးခြင်း။<br>**ရှေ့နေများအခန်းကဏ္ဍ**<br>၁။ မုဒိမ်းကျင့်ခံရသူအတွက် ရှေ့နေတစ်ဦးစီစဉ်ပေးခြင်း<br>၂။ **NGO နှင့်** အတူလိုက်ပါကာ ခရိုင်ဝန် I မြို့ဝန် ထံသို့ သွားရောက်၍ ၎င်းအမှုတွင်ပါဝင်ပတ်သက်သူများဖြစ်သော နစ်နာသူ၊ သက်သေများနှင့် ကူညီပံ့ပိုးပေးနေသောအဖွဲ့အစည်းများ၏ လုံခြုံရေးကို ကာကွယ်စောင့် ရှောက်ပေးရန်အတွက်ပြောဆို ခြင်း။<br>၃။ ရှေ့နေမှအမျိုးသမီးအဖွဲ့အစည်းနှင့်နစ်နာသူကိုတရားရုံးဆိုင်ရာများကိုရှင်းပြခြင်း။<br>**ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင်၏အခန်းကဏ္ဍ**<br>၁။ ဤအမှု၌ ပါဝင်ပတ်သက်နေသော အစိုးရဌာနများ၊ တာဝန်ရှိသူများ၏ လုပ်ဆောင်မှုများကိုစောင့်ကြည့် အကဲခတ်ခြင်း။<br>၂။ အမှုနှင့်ပတ်သက်သည့် အရေးယူဆောင်ရွက်ချက်များ၊ အစီရင်ခံချက်၊ တိုင်ကြားချက်များ၊ သက်သေအထောက်အထားအားလုံးကို နောက်နောင်အကျိုးဆောင်၊ အရေးဆိုသောလုပ်ငန်းများတွင် ဆက်လက်သုံးနိုင်ရန် လက်ခံရယူခြင်းမှတ်တမ်းတင်ခြင်း၊<br>၃။ သက်ဆိုင်ရာအစိုးရဌာနများကို အမှုကိစ္စနှင့်ပတ်သက်သည့် အရေးယူဆောင်ရွက်ချက်များကို စစ်ဆေးရန်ဖိတ်ခေါ် ခြင်း။<br>**ပါဝင်ဆောင်ရွက်သော ဌာနများ၊ အဖွဲ့အစည်းအားလုံး၏အခန်းကဏ္ဍ**<br>(၁) အမှုကိုအရေးယူဆောင်ရွက်ရာ၌ စီမံချက်များကို အစီအစဉ်တကျ ဝိုင်းဝန်းချမှတ်ရေးဆွဲပြီး၊ ပါဝင်ပတ်သက်နေသူအားလုံးကို မိမိလုပ်ဆောင်ရမည့်တာဝန်များ၊ အပိုင်းများကို ရှင်းလင်းစွာအချက်အလက် ထုတ်နုတ်ထားရှိ၍၊ တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ခြင်း၊<br>**မုဒိမ်းကျင့်ခံရသူကာယကံရှင်**<br>၁။ သူမအနေဖြင့်ရှေ့ဆက်၍မည်သို့သောအရေးယူလုပ်ဆောင်မှုမျိုးလုပ်လိုသည်ကိုဆုံးဖြတ်ရမည်။ |



Burmese ARM.pmd Su Su.pmd 34 17/12/2008, 10:08

| **တွေ့ကြုံနိုင်ဘွယ်ရာရှိသော အခက်အခဲများနှင့် ပြဿနာများ** | **ဆောင်ရွက်သင့်သည့် အရေးယူဆောင်ရွက်မှု အစီအစဉ်များ** |
|---|---|
| • ကူညီသောအဖွဲ့အစည်းများ၊ ဌာနများအနေဖြင့် အဖွဲ့အစည်း၏ အလုပ်များရှိသည်။ ထို့ကြောင့်အဖွဲ့အစည်းအနေဖြင့်အမှုကိစ္စအတွက်အချိန်သီးသန့်မပေးနိုင်ခြင်း<br>• အမျိုးသမီးအဖွဲ့အစည်း၌ ၎င်းအမှု၏ ဖြစ်စဉ်အဆင့်ဆင့်ဖြစ်ပေါ်လာသည့် အခြေအနေအရပ်ရပ်ကိုစောင့်ကြည့်စစ်ဆေးအကဲဖြတ်ရန် ကျွမ်းကျင်မှုများ မရှိဖြစ်ခြင်း။<br>• မုဒိမ်းကျင့်ခံရသူသည် စိတ်ဝေဒနာရှင် (စိတ်ဖောက်ပြန်) ဖြစ်နေခြင်း၊ အရွယ်မရောက်သေးသောကလေးတဦးဖြစ်ခြင်း စသောအခြေအနေမျိုး၌ မုဒိမ်းကျင့်ခံရသူ အနေဖြင့် ဆုံးဖြတ်ချက်ပြုလုပ်နိုင်စွမ်း မရှိခြင်း၊<br>• တိုင်ကြားနေချိန်ကာလအတွင်း၌သတင်းဌာနများ၊ စာနယ်ဇင်းသမားများထံသို့ထိုသတင်းပေါက်ကြားသွားခြင်း။ | • ARM ကို မိတ်ဆက်ပေးခြင်း၊ ARM ကိုအသုံးပြုရာတွင်တွေ့ကြုံရသည့်လိုအပ်ချက်များကို ARM တွင် ပြောင်းလဲများလုပ်ခြင်း စသည်တို့ကို လုပ်ဆောင်ရန်ပါဝင်ပတ်သက်သည့် အဖွဲ့အစည်း၊ ဌာန၊ ပုဂ္ဂိုလ်များအားလုံးနှင့်ပုံမှန်ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ် ခြင်း။<br>• အမျိုးသမီးအဖွဲ့အစည်းများအား အမှုကိုစစ်ဆေးအကဲဖြတ်နိုင်ရန် စောင့်ကြည့်စစ်ဆေးမှုဆိုင်ရာကျွမ်းကျင်မှုသင်တန်းများပေးခြင်း။<br>• မုဒိမ်းကျင့်ခံရသူသည် ဤကဲ့သို့သောအနေအထားမျိုး၌ရှိပါစေမုဒိမ်းမှု ဖြစ်သောကြောင့် တရားရုံး၌အလိုအလျောက်အမှုကိုတင်၍တရားစွဲနိုင် သည်။ ဤအခြေအနေမျိုး၌ မုဒိမ်းကျင့် ခံရသူနှင့်နီးစပ်သူ(သို့မဟုတ်) မောင်နှမ သားချင်းဆွေမျိုးများနှင့်တိုင်ပင်ဆွေးနွေးသင့်သည်။ ဆွေမျိုးသားချင်းများအနေဖြင့် မုဒိမ်းကျင့်ခံရသူဝေဒနာရှင် (သို့) ကလေးအားဆက်လက် တာဝန်ယူစောင့်ရှောက်သွားရန် စသည့် သဘောတူညီချက်များ ရရှိရန် ဖြစ်သည်။<br>- မုဒိမ်းကျင့်ခံရသူကိုသတင်းနှင့် မီဒီယာမှ ကာကွယ် ပေးသည့်ဥပဒေရှိရန်အတွက် လူထုအတွက်လှုပ်ဆော်မှုများလုပ်ဆောင်ရန်<br>- အကြမ်းဖက်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုကျွမ်းကျင်စွာဖော်ပြရန်အတွက်သတင်းမီဒီယာများနှင့်အစည်းအဝေးများပြုလုပ်ရန်။ |



Burmese ARM.pmd Su Su.pmd 35 17/12/2008, 10:08

**ဥပဒေအရ အရေးယူရန် အကျူးလွန်ခံရသူကာယကံရှင်မှ ဆုံးဖြတ်ချက်မချမီတွင် သိရှိထားရမည့် အချက်အလက်များ**

**အလုပ်သမားကဒ်ရှိသောသူ**

**အကယ်၍မုဒိမ်းကျင့်ခံရသူအမျိုးသမီးသည် တရားဝင်လက်မှတ်တစ်ခုခု (သို့မဟုတ်) အလုပ်သမားကဒ်ရှိသောရှိသောရွှေ့ပြောင်းသူအမျိုးသမီးဖြစ်ပါက**

■ (အလုပ်သမားဒ်၊ တောင်ပေါ်သားကဒ်၊ ထိုင်းအာဏာပိုင်မှ ထုတ်ပေးသော မည်သည့်ကဒ်မျိုးမဆို) ၎င်းအမှုကို တရားရုံး၌ တရားစွဲဆိုနိုင်ပြီး ထိုင်းနိုင်ငံ၌ ၎င်း၏လက်မှတ်သက်တမ်းမကုန်မီ ကာလအတွင်းဆက်လက်တရားဝင်နေထိုင်ခွင့်ရှိသည်။ ထိုင်းနိုင်ငံတွင် မျက်မြင်သက်သေကိုကာကွယ်စောင့်ရှောက် ပေးသည့် ဥပဒေရှိသောလည်းမျက်မြင် သက်သေအတွက်လက်တွေ့လုပ်ဆောင်ပေးခြင်းမရှိ။ ထို့ကြောင့်မျက်မြင်သက်သေ၏လုံခြုံရေးကိုကာကွယ်စောင့်ရှောက်ရန်အားမခံမှုမရှိခြင်း။

**အလုပ်သမားကဒ်မရှိသောသူ**

**အကယ်၍မုဒိမ်းကျင့်ခံရသူအမျိုးသမီးသည် မည်သည့်အထောက်အထားစာရွက်စာတမ်းမျှမရှိသောရွှေ့ ပြောင်းသူအမျိုးသမီးဖြစ်ပါက**

■ အမှုကိုတရားရုံးသို့ စွဲတင်ရန်အခွင့်အရေး ရှိသော်လည်း အမှုဖြစ်နေစဉ်အတောအတွင်း သူမ၏တရားဝင်ဆက်လက်နေရေးအတွက် ထိုင်းဥပဒေ၌ ချွင်းချက်ဥပဒေများ မရှိချေ။ ဆိုလိုသည်မှာ၊ လက်ရှိဥပဒေအ ရ၊ သူမကိုတရားမဝင်နေထိုင်သူအဖြစ် သတ်မှတ်၍ အချိန်မရွေး ဌာနေသို့ပြန်ပို့နိုင်သည်။ ထို့ကြောင့် NGO နှင့်အဖွဲ့အစည်းအနေဖြင့် ကာယကံရှင်၏လုံခြုံရေးနှင့် တရားမျှတမှုအတွက် ဒေသဆိုင်ရာအာဏာပိုင်များနှင့်ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်။ တရားရုံး၏စီရင်ချက်ပြီးဆုံးပါကလူဝင် မှုကြီးကြပ်ရေးဌာနမှ သူမအားနေရင်းနိုင်ငံသို့ ပြန်ပို့ မည်ဖြစ်သည်။ သို့သော် ဌာနေပြန်ပို့စဉ်တွင် NGO မှသူမကို မုဒိမ်းမှုကျူးလွန်သူမှနောက်ထပ်လိုက်လံ နှောက်ယှက်ခြင်းကင်းဝေးစေရန် သိမ်မွေ့စွာ လေ့လာစောင့်ကြည့်ပေးသွားရမည်ဖြစ်သည်။



Burmese ARM.pmd Su Su.pmd 36 17/12/2008, 10:08

Burmese ARM.pmd Su Su.pmd 37 17/12/2008, 10:08

**အဆင့် (၅) တွင် ပါဝင်သည့်အချက်များကို ဆွေးနွေးပြီးသည့်နောက်ပိုင်း၊**

- မုဒိမ်းကျင့်ခံရသူကာယကံရှင်က ဥပဒေကြောင်းအရ ဆက်လက်အရေးယူဆောင်ရွက်မည့် ဆန္ဒရှိပါက အဆင့် ၆ – အတိုင်း ဆက်လက်ဆောင်ရွက်ပါ။
- မုဒိမ်းကျင့်ခံရသူကာယကံရှင်က သူမအနေဖြင့် ဥပဒေအရ ဆက်လက်အရေးယူလုပ်ဆောင်လိုသည့်ဆန္ဒမရှိပဲ – သူမသည်

– တိကျဆိတ်စွာဖြင့် ဘဝသစ်ကိုတည်ထောင်လိုခြင်း။

– မိမိယုံကြည်ကိုးကွယ်သည့် ဘာသာတရားအလိုက်ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကုစားခြင်းနှင့်ဖြစ်စေ (ဘုရားဝတ်ပြုခြင်း၊ တရားထိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အကြံပေးမှုများကို ရယူခြင်း၊ ယောဂ လေ့ကျင့်ခဏ်းလုပ်ခြင်း၊) စသည်ဖြင့်မိမိ စိတ်ခံစားမှု ဝေဒနာများအားကုစားလိုခြင်း။

– အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းကို ဆန့်ကျင်သည့် စည်းရုံးလှုံ့ဆော်ပညာပေးသူတဦးဖြစ်လိုခြင်း။

–မိမိခံစားခဲ့ရသော မုဒိမ်းမှုနှင့်ပတ်သက်သည့်အဖြစ်အပျက်ကို တနည်းတဖုံအားဖြင့် ထုတ်ဖော်ရန်၊ ဝတ္ထုရေးခြင်း၊ ပုံဆွဲခြင်း၊ ပန်းချီဆွဲခြင်း၊ အနုပညာများကိုဖန်တီးခြင်း၊ ပြဇာတ်ကကွက်များဖန်တီးခြင်းများကို လုပ်ဆောင်လိုခြင်း။

၎င်းဆုံးဖြတ်ချက်များသည် တခုချင်း တသီးတခြားစီ ဖြစ်နေသည့် ဆုံးဖြတ်ချက်များ မဟုတ်ပဲ သူမအနေဖြင့် တစ်ချိန်ထဲ အထက်ပါဖော်ပြချက်များထဲမှ တစ်ခုသို့မဟုတ်နှစ်ခုသို့မဟုတ် ယင်းထက်ပို၍ လုပ်ဆောင် လိုကောင်းလုပ်ဆောင် လိုလိမ့်သည်။ သူမ၏ ဆုံးဖြတ်ချက်ကို လေးစားအသိအမှတ်ပြု၍ အားပေးကူညီမှု၊ ပံ့ပိုးမှုများပေးရမည်၊

အကယ်၍သူမအနေနှင့် အရေးယူဆောင်ရွက်မှုကို လိုလားသော်လည်း မည်ကဲ့သို့သောအရေးယူဆောင်ရွက်မှု ဆက်လုပ်မည်ကို မသေချာပါက အဆင့် (၅)အတိုင်း ဆက်လက်လုပ်ဆောင်ရန်။

အကယ်၍သူမအနေဖြင့် အရေးယူဆောင်ရွက်မှုကို ဥပဒေအရလုပ်ဆောင်လိုလျှင် အဆင့် (၆) အတိုင်းဆက်လက်လုပ်ဆောင်သွားရန်။

| | အဆင့် (၆) | ရွှေ့ပြောင်းအလုပ်လုပ်သူ |
|---|---|---|
| ၆ | **အားပေးပံ့ပိုးသူနှင့် ကာယကံရှင်မှအမှုကိုရဲထံသို့တိုင်ကြားခြင်း** | **(NGO) ၏အခန်းကဏ္ဍ**<br>၁။ မုဒိမ်းကျင့်ခံရသူအား ရဲစခန်းသို့ပို့ဆောင်လွဲအပ်ရန်နှင့် အဖော်ပြုလိုက်ပါသွားရန် စီစဉ်ခြင်း။<br>၂။ မုဒိမ်းကျင့်ခံရသူကို ကူညီပံ့ပိုးခြင်းနှင့် ကိုယ်စားပြောဆိုအကျိုးဆောင်ပေးခြင်း။<br>၃။ မုဒိမ်းကျင့်ခံရသူနှင့် သက်သေများအားလုံး၏ လုံခြုံရေး၊ ကာကွယ်စောင့်ရှောက်ရေးကို စီမံဆောင်ရွက်ပေးခြင်း။<br>၄။ မုဒိမ်းကျင့်ခံရသူကို ကူညီပံ့ပိုးခြင်းနှင့် ဥပဒေဆိုင်ရာအကြံပေးခြင်း တို့နှင့် လုပ်ငန်းစဉ် အဆင့်ဆင့်တိုင်း၌ စီမံဆောင်ရွက်ပေးခြင်း။<br>၅။ အကယ်၍မုဒိမ်းကျင့်ခံရသူ၌ လုံခြုံစွာနေထိုင်နိုင်သည့်နေရာမရှိခဲ့လျှင် အဖွဲ့အစည်းအနေဖြင့် ဒေသဆိုင်ရာအာဏာပိုင်များနှင့်ပူးပေါင်းဆောင်ရွက်ပေးခြင်း။<br>**လူမှုဝန်ထမ်းအဖွဲ့အစည်း၏အခတ်းကဏ္ဍ**<br>၁။ မုဒိန်းကျင့်ခံရသူအတွက် လုံခြုံသောနေရာ စီစဉ်ပေးပြီး သက်ဆိုင်ရာအစိုးရဌာန၊ NGO အဖွဲ့အစည်း၊ အမျိုးသမီးဂေဟာများသို့ ဆက်သွယ်ပေးရန်။<br>**ရဲ၏အခန်းကဏ္ဍ**<br>၁။ လူတွေ့ စစ်ဆေးမေးမြန်းရန်အတွက် သီးသန့်နေရာတနေရာ ပြင်ဆင်ပြီးအမျိုးသမီး ရဲဝန်ထမ်းတဦး၊ လူမှုဝန်ထမ်းတဦး၊ ဘာသာပြန်တဦးကို ပါရှိစေခြင်း။ |

| | | |
|---|---|---|
| | | ၂။ မုဒိမ်းကျင့်ခံရသူကာယကံရှင်သည် အသက်(၁၈)နှစ်အောက် ဖြစ်ပါကလူမှုဝန်ထမ်းတစ်ဦး၊ ကလေးမှရွေးချယ်သောသူ၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့် အကြံပေးသူ ပုဂ္ဂိုလ်တဦးနှင့် တရားဥပဒေပိုင်ဆိုင်ရာတဦး ပါ ရှိစေခြင်း။<br>၃။ မုဒိမ်းကျင့်ရသူအား စစ်ဆေးမေးမြန်းရာတွင် ခင်မင်ရင်းနှီးစွာဖြင့် မေးမြန်းခြင်း။ ယုံကြည်စိတ်ချမှုရှိစေရန် လျှို့ဝှက်ချက်များကို စောင့်ထိန်းပေးခြင်း။<br>၄။ မုဒိမ်းကျင့်ခံရသူအား တိုင်ကြားချက်ပုံစံတွင် ဖြည့်စွက်ထားသည်များကိုသေချာစွာပြန်လည်၍ဖတ်ပြခြင်း၊ သူမအား ဘာသာပြန်ပေးရန်အတွက် အချိန်အလုံအလောက်ပေးခြင်း။<br>၅။ မုဒိမ်းကျင့်ခံရသူ၏ဘေးကင်းရေး၊ လုံခြုံရေးများအတွက် စီမံပေးထားသည်များကို စစ်ဆေးခြင်းနှင့် ကာကွယ်စောင့်ရှောက်မှုများအတွက် လိုအပ်သည်များရှိပါကဖြည့်ဆီး စီစဉ်ဆောင်ရွက်ခြင်း။ |

| ကြုံတွေ့ နိုင်သော အခက်အခဲ၊ ပြဿနာများ | ဆောင်ရွက်သင့်သည့် အရေးယူဆောင်ရွက်မှုအစီအစဉ်များ |
|---|---|
| • နယ်စပ်ရဲဌာနများ၌အမျိုးသမီးရဲအရာရှိများနည်းပါးခြင်း။<br><br>• ရဲဝန်ထမ်းသည် မုဒိမ်းကျင့်ခံရသူကာယကံရှင်၏ ခံစားမှုကို လုံးဝနားလည်ပေးနိုင်စွမ်းမရှိသည့်အတွက် မေးမြန်းစစ်ဆေးရာ၌လည်းခံစားချက်များကိုထိခိုက်နာကျင်စေနိုင်သော မေးခွန်းများမေး ခြင်း။<br><br>• ရဲဌာန၌ မုဒိမ်းကျင့်ခံရသူအားမေးမြန်းရန် သီးသန့်အခန်းမရှိခြင်း။<br><br>• ရဲများက ဘာသာပြန်တဦး ရှိရန်လိုအပ်သည်ကို အလေးမထားခြင်း။ အချိန်ပေး၍ မုဒိမ်းကျင့်ခံရသူအား ယင်း၏ ထွက်ဆိုချက်ပြန်လည်ဖတ်ပြမှုမရှိခြင်း။<br><br>• မုဒိမ်းကျင့်ခံရသူနှင့် သက်သေများ၏ လုံခြုံဘေးကင်းရေးကိုအာမခံမှုမရှိခြင်း | • ရဲဌာနတိုင်း၌ အမျိုးသမီးရဲအရာရှိများရှိရန်နှင့် အထူးသဖြင့် အမျိုးသမီးရဲအရာရှိများထားရှိရန် တောင်းဆိုခြင်း။<br>• ရဲဝန်ထမ်းများကိုအမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆိုင်ရာအကြောင်းအရာများနှင့်ပတ်သက်သည့်သင်တန်းများပေးခြင်း။<br>• ရဲဌာနများအားလုံး၌ အကြမ်းဖက်မှုခံရသောအမျိုးသမီးများနှင့် ကလေးသူငယ်များကို လူတွေ့စစ် ဆေးမေးမြန်းရန်အတွက် အထူးသီးသန့်ခန်းများထားပေးရန် ဥပဒေအရတရားဝင်တောင်းဆိုနိုင်သည့် ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းအက်ဥပဒေကို လေ့ လာစောင့်ကြည့်ခြင်း များပြုလုပ်ရမည်။<br>• မုဒိမ်းကျင့်ခံရသူနှင့် သက်သေများအား ကာကွယ်စောင့်ရှောက်ရေးကို အမှန်တကယ် လုပ်ဆောင်မည်ဟူသည့်အာမခံချက်များ၊ တာဝန်ခံခြင်းများ ဖြစ်မြောက်လာရန် အမျိုးသမီးအဖွဲ့အစည်းများ နှင့်ရဲဝန်ထမ်းများ အကြားဆက်သွယ်ဖလှယ်ဆွေးနွေးသည့် စည်းဝေးပွဲများပြုလုပ်ခြင်း။<br>• သက်သေများအားကာကွယ်စောင့်ရှောက်ရန်အတွက် အက်ဥပဒေ လုပ်ထုံးလုပ်နည်းများ ရှိလာစေရေးစည်း ရုံးဆော်သြခြင်း။<br>• သက်သေများအားကာကွယ်စောင့်ရှောက်ရန်သတင်းအချက်အလက်များဖြန့်ဝေခြင်း<br>• တရားရုံးတွင် သက်သေအထောက်အထားဖြစ်ရန်အတွက် ၎င်း၊ မုဒိန်းကျင့်ခံရသူအားအထပ်ထပ်မေးမြန်းမည်ဖြစ်၍ ခနခနမဖြေကြားရစေရန်၎င်း တိတ်ခွင်နှင့် VDO မှတ်တမ်းတင်ထားခြင်းများပြုလုပ်ရန်။ |

## ဥပဒေတွင် ပါရှိသော အချက်များ

ရွှေ့ပြောင်းအလုပ်လုပ်သူအမျိုးသမီးများသည် အောက်ပါဥပဒေပါပြဋ္ဌာန်း ချက် အခွင့်အရေးများကို ခံစားနိုင်သည်။ ထိုင်းပိုင်နက်နယ်မြေအတွင်း နေထိုင်သောသူအားလုံးမှန်သမျှ ထိုင်းဥပဒေ၏ကာကွယ်စောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်။ မည်သူမဆို အကြမ်းဖက်ခံရခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းခံရခြင်း(သို့) ပြစ်မှုဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ကျူးလွန်ခြင်းများခံပါကအမှုဖွင့်၍ တရားစွဲဆိုပိုင်ခွင့်ရှိသည်။

## မုဒိမ်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း

- ရဲစခန်းသို့ သွားရောက်၍ တိုင်ချက်ဖွင့်ပါ၊ဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းများကို ရဲစခန်းသို့ယူဆောင်သွားပါ။ အမှုဖြစ်ပွားပြီးပြီးချင်း အမြန်ဆုံးသွားပါ (သို့မဟုတ်) ၁–ရက်မှ ၃ ရက်အတွင်းသွားပါ။ မည်သို့ဖြစ်စေအမှုဖြစ်ပွားပြီးအချိန်မှ ၃–လအတွင်းအမှုကို တိုင်ချက်ဖွင့်ပိုင်ခွင့်ရှိသည်။
- ရဲဝန်ထမ်းမှ မုဒိမ်းကျင့်ခံရသူအား မုဒိမ်းအမှုအခင်း နှင့် မုဒိမ်းပြုကျင့်သူ၏အကြောင်းကို မေးမြန်းလိမ့်မည်။
- မျက်မြင်သက်သေများကလည်း ရဲစခန်းသို့သွားရောက်တိုင်ကြားနိုင်သည် (သို့မဟုတ်) သက်သေများထံသို့ရဲကသွားရောက်၍ လူတွေ့မေးမြန်းသင့်မည်။
- ရဲဝန်ထမ်းသည် မုဒိမ်းပြုကျင့်သူ (သို့မဟုတ်) ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးခြင်း (သို့မဟုတ်) ထိုသူအားဖမ်းဆီးရန်ဝရမ်းထုတ်ရမည်။
- ရဲမှ ၎င်းအမှုကို ပြည်သူ့ အကျိုးဆောင်ရှေ့နေထံသို့ အပ်ရမည်။

## မုဒိမ်းကျင့်ခံရသူ (သို့မဟုတ်) သက်သေအဖြစ်လိုက်ပါသူသည် အရွယ်မရောက်သေးသည့် (၁၈) နှစ် အောက် ဖြစ်ပါက

- ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်း ဥပဒေပုဒ်မ (၂၀) ၁၉၉၉ အရ၊ ရဲဌာနအားလုံးတွင် အသက်(၁၈)နှစ်အောက်ရှိမုဒိမ်းကျင့်ခံရသူနှင့် သက်သေများအား လူတွေ့စစ်ဆေးမေးမြန်းချက်(စစ်ချက်)ယူရန် အထူးသီးသန့်အခန်းတခန်းထားရှိရမည်။
- စစ်ချက်ယူချိန်အတောအတွင်း၊ ရဲအရာရှိနှင့် အတူ လူမှုဖူလုံရေးဌာနမှဝန်ထမ်းတဦး၊ ကလေးစိတ်ပညာရှင်တဦး ကာယကံရှင်ကလေးမှရွေးချယ်သောသူနှင့်ပြည်သူ့အကျိုး ဆောင်ရှေ့နေတို့ ရှိနေရမည်။ စစ်ချက်ယူသည့်ရဲအရာရှိသည့် အမျိုးသမီး ဖြစ်ပါက ပို၍သင့်တော်သည်။ ကာယကံရှင်ကိုမေးခွန်းများထပ်ခါမေးခြင်းမှရှောင်ရန် တခြားသောနည်းလမ်းမှာ ဗီဒီယိုဖြင့်အမေးအဖြေများကိုမှတ်တမ်းယူထားပြီး တရားရုံးတွင်ပြသခြင်းဖြင့် ကာကယံရှင်ကလေးမှမေးခွန်းများကိုထပ်ခါဖြေဆိုခြင်းမလိုအပ်ပေ။
- စစ်ချက်ယူနေစဉ်အတွင်း လုံခြုံမှုကိုပို၍သေချာစေရန်အတွက် စစ်ချက်ယူသည့်အခန်းသည် တ ဖက်မြင် မှန်ချပ်များတပ်ဆင်ထားသောအခန်း (သို့မဟုတ်))ဗီဒီယိုစက် (ရုပ်သံဖမ်းစက်) တတ်ဆင်ထားသော အခန်း ဖြစ်သင့်သည်။
- မုဒိမ်းကျင့်ခံရသူမှ တရားလို (သို့မဟုတ်) သက်သေအနေဖြင့် မုဒိမ်းမှုကျူးလွန်သူ မည်သူမည်ဝါဖြစ်သည်ကို ညွှန်ပြရမည်ဆိုပါက ယင်း မုဒိမ်းမှုကျူးလွန်သူအား တဖက်မြင်မှန်၏ အခြားတဖက်တွင်ရပ်စေခြင်းဖြင့်သော်၎င်း၊ သို့မဟုတ် တခြားနည်းလမ်းများသုံး၍၊ မုဒိမ်းကျင့်ခံရသူနှင့် မုဒိမ်းမှုကျူးလွန်သူတို့ တဦးနှင့်တဦး မျက်နှာချင်းဆိုင်တွေ့သည့်နေရာမဖြစ်အောင် သေချာစွာစီစဉ်ဆောင်ရွက်ရမည်။
- လိင်ပိုင်ဆိုင်ရာအရအကြမ်းဖက်ခံရသူကလေးသူငယ်အား ကျူးလွန်သူ(တရားခံ)နှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရခြင်းမျိုးမဖြစ်အောင် ကာကွယ်စောင့်ရှောက်ရမည့်အပြင် ကလေး၏ စိတ်ခံစားချက်ကို ထိခိုက်စေနိုင်သောမေးခွန်းများမေးခြင်းမျိုးမှလည်း ကာကွယ်ပေးရမည်။
- လိုအပ်သော အထောက်အကူပစ္စည်းများနှင့် ပြည့်စုံသောအခန်းမျိုးမရှိသေးပါက၊ သီးသန့်အခန်းတခုကို စီစဉ်၍ ယင်းအခန်းတွင် စစ်ချက်ယူသည့်အချိန်တွင် ရှိရမည့် သူများအတွက် စားပွဲ၊ ကုလားထိုင်များကို လိုအပ်သလို စီစဉ်ပြင်ဆင်ပေးရမည်။
- ရဲမှ စစ်ချက်အစီရင်ခံစာရေးသားမည်။



Burmese ARM.pmd Su Su.pmd 40 17/12/2008, 10:08

**လျော်ကြေးဆိုင်ရာ**

• တချို့သော အမှုများတွင် လျော်ကြေးပေး၍ကျေအေးသွားခြင်းမျိုးကို ရဲကအကြံပြုနိုင်သည်။မုဒိမ်းကျင့်ခံရသူတရားလိုအနေဖြင့် လျော်ကြေးငွေကိုလက်ခံပြီး အမှုကို ပိတ်လိုက ပိတ်နိုင်သည် (သို့မဟုတ်)လျော်ကြေးကိုငြင်းပယ်ပြီး အမှုကိုရုံးတင်တရားစွဲဆိုနိုင်သည်။

**သို့သော် အောက်ဖော်ပြပါအမှုမျိုးကိုလျော်ကြေးဖြင့်အမှုပြီးရန် ရဲဖက်ဆိုင်ရာမှ အကြံပြုခွင့်မရပါ။**

၁။ မုဒိမ်းကျင့်ခံရသူသည် အသက် ၁၅ နှစ်အောက်၊ အရွယ်မရောက်သေးသူဖြစ်ခြင်း။

၂။ မုဒိမ်းကျင့်ခံရသူသည် ထိခိုက်ဒဏ်ရာရှိခြင်း (သို့မဟုတ်) သေဆုံးခြင်း။

၃။ မုဒိမ်းကျင့်သူ ၂– ဦးထက်ပို များသော အမှုဖြစ်ခြင်း။

၄။ မုဒိမ်းကျင့်သူ၌ သေနတ် (သို့မဟုတ်)ဗုံးပါရှိခဲ့ခြင်း။

၅။ မုဒိမ်းကျင့်သူသည် အကျူးလွန်ခံရသူ၏ ဘခင်၊ အဘိုး (သို့မဟုတ်) ဆရာ ဖြစ်ခြင်း။

၆။ မုဒိမ်းမှုဖြစ်ပွားရာနေရာသည် အများပြည်သူ၏ မြင်ကွင်းနေရာမျိုး၊ လူရှေ့သူရှေ့တွင် ကျူးလွန်ခြင်း။

၇။ မိမိအား ကာကွယ်စောင့်ရှောက်သူမှမုဒိမ်းကျင့်ခြင်း  (ဥပမာ အကျဉ်းထောင်ဝါဒါ၊ လူဝင်မှုကြီး ကြပ်ရေးအရာရှိ)

၈။ မုဒိမ်းမှုကျူးလွန်သူသည် အကျူးလွန်ခံရသူ၏ အုပ်ထိန်းသူဖြစ်ခြင်း(ဥပမာ–စိတ်ရောဂါသည်(နစ်နာသူ)အား စောင့်ရှောက်နေသူ)

**အမှုကို လျော်ကြေးပေး၊ ကျေအေးခြင်းဆိုင်ရာသိသင့်သည့် အချက်များ**

• မုဒိမ်းမှုသည် လျော်ကြေးပေး၍ကျေအေးနိုင်သော အမှုမျိုးဖြစ်ပါက၊ ရဲအနေဖြင့် မုဒိမ်းမှုကျူးလွန်သူအားအမှုပြီးပြတ်သွားရန်အတွက် လျော်ကြေးပေးဖြေရှင်းရန် ကမ်းလှမ်းနိုင်သည်။ အကျူးလွန်ခံရသူက လျော်ကြေးငွေကိုလက်ခံနိုင်ပြီး၊ အမှုကိုပိတ်နိုင်သည် (သို့မဟုတ်)လျော်ကြေးကို လက်ခံရန် ငြင်းဆန်ပြီး၊ အမှုကို ရုံးတင်တရား စွဲနိုင်သည်။

• အကယ်၍အကျူးလွန်ခံရသူကလျော်ကြေးကို ကျေနပ်လက်ခံပါက သူမအနေဖြင့် ရဲကလျော်ကြေးပေး၍ကျေအေးကြောင်း၊ မှတ်တမ်းမရေးမီ၊ ငွေအားလုံးကို လက်ဝယ် ရရှိရမည်ဖြစ်သည်။တွေ့ကြုံခဲ့ဘူးသောအမှုအခင်းများအရ၊ ရဲကယင်း၏အစီရင်ခံစာမှတ်တမ်းတွင် အမျိုးသမီး မုဒိမ်းကျင့်ခံရသူတို့ကိုဘတ်ငွေ ၅–သောင်း (၅၀၀၀၀ ဘတ်)လက်ခံရရှိကြောင်း ရေးသွင်းသော်လည်း၊ အမှန်တကယ်အားဖြင့်မုဒိမ်းကျင့်ခံရသူတို့ဘက်မှ ဘတ်ငွေ ၁–သောင်း တိတိသာလက်ခံရရှိခဲ့ခြင်းများ ရှိခဲ့ဘူးသည်။

• လျော်ကြေးဖြင့်ကျေအေးသောအမှုမျိုး၌ မုဒိမ်းကျင့်ခံရသူနှင့်အတူ အကျိုးဆောင်သည့်ရှေ့နေရှေ့မှောက်၌ဆောင်ရွက်မည်ဟု တတ်အပ်မျှော်လင်ထား၍မရချေ။ သို့ကြောင့် လုပ်သင့် လုပ်ထိုက်သည်မှာ ဆွေးနွေးညှိနှိုင်းရာတွင်မုဒိမ်းကျင့်ခံရသူဘက်မှ ကူညီပြောပေးနိုင်မည့် ဥပဒေလက်ထောက်တဦး၊ NGO ဝန်ထမ်းတဦးဦးတို့ ပါရှိသင့်သည်။

**အမှုကို တရားရုံး၌ တရားစွဲဆိုခြင်း**

***မုဒိမ်းမှုကို ရုံးတင်စစ်ဆေးရာတွင် အမှုစစ်ဆေးစဉ်ကာလမှာ ၁–နှစ်မှ ၂–နှစ်တိုင်အောင်ကြာတတ်သည်။***

• အကယ်၍မုဒိမ်းမှုတခု ရုံးတင်စစ်ဆေးပြီးဆိုပါကအကျူးလွန်ခံရသူအနေဖြင့်တရားရုံးမှချိန်းဆိုးတိုင်းလာယောက်ရမည်ဖြစ်သည်။

• အကယ်၍သူမသည် တရားဝင်မှတ်ပုံတင်ထားသောရွှေ့ပြောင်းအလုပ်လုပ်သူဖြစ်ပါက ဆက်လက်အလုပ်လုပ်ကိုင်နိုင်ပြီး၊ သူမအလုပ်လုပ်ကိုင်ရာ နေရာဌာန၌ ဆက်လက်နေထိုင်နိုင်သည်။

• အကယ်၍ သူမသည် တရားမဝင်ရွှေ့ပြောင်းအလုပ်လုပ်သူဖြစ်ပြီး နယ်စပ်ဒေသတွင် နေထိုင်သူဖြစ်ပါကတရားရုံးတွင်အမှုကြားနာရန်အတွက် နယ်ဖြတ်ကျော်ခွင့်လက်မှတ်ဖြင့် လာရောက်နိုင်သည်။အကယ်၍မုဒိမ်းကျင့်ခံ ရသူသည် တရားမဝင်လာရောက်နေထိုင်အလုပ်လုပ်သူဖြစ်ပါက သူမအား နေရင်းနိုင်ငံပြန်ပို့မည်ဖြစ်သည်။



Burmese ARM.pmd Su Su.pmd 41 17/12/2008, 10:08

| | အဆင့် (၇) | ရွှေ့ပြောင်းနေထိုင်သူများအတွက် |
|---|---|---|
| ၇ | **အမှုအတွက်ရဲများနှင့် ဆက်လက်၍ဆက်သွယ်ဆောင်ရွက်ခြင်း** | **အမျိုးသမီးအဖွဲ့အစည်းများနှင့် NGOs အခန်းကဏ္ဍ။**<br><br>၁။ ရဲနှင့်တရားရုံးတို့၏ ဥပဒေအရဆောင်ရွက်အရေးယူမှုတို့ကို စောင့်ကြည့်အကဲခတ်ခြင်း၊ အမှုရက်ချိန်းကြန့်ကြာမှုရှိ – မရှိ။ နှင့် သင့်လျော်သောအရေးယူဆောင်ရွက်မှုဖြစ်မဖြစ် သေချာအောင်ဆောင် ရွက်ခြင်း။<br><br>၂။ ရဲနှင့်အမျိုးသမီးအဖွဲ့အစည်း၊ စခန်းကော်မီတီတို့၏ အကြားတွင် အဆင်ပြေရန်လိုအပ်သလို ဆက်သွယ်ဆောင်ရွက်ပေးခြင်း။<br><br>၃။ လျော်ကြေး(သို့မဟုတ်) နစ်နာကြေးနှင့်အမှုကျေအေးရန်ရှိပါက အကျူးလွန်ခံရ သူ၏အပေါ်အဖြစ်လိုက်ပါပြီး၊ လိုအပ်သမျှကို လိုက်လံဆောင်ရွက်ပေးခြင်း၊ လျော်ကြေးနှင့် ကျေအေးရန်ကိစ္စ၌ တရား မျှတမှု ရှိစေရန်နှင့်၊ ထိုက်သင့်သော လျော်ကြေး ရရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။<br><br>၄။ တရားစီရင်ရာတွင် မျှတမှုမရှိခြင်း၊ ခြိမ်းခြောက်ခြင်း၊ နိုင်လိုမင်းထက်ပြုခြင်း စသည်တို့နှင့်ပတ်သက်သည့် အကြောင်းအရာများကို ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားအစီရင်ခံခြင်း သို့မဟုတ် ရဲသို့တိုင်းကြားရန် အတွက်စတင်ဆောင်ရွက်ပါ။<br><br>**ရဲများ၏အခန်းကဏ္ဍ**<br><br>၁။ အမှုမှန်ပေါ်ပေါက်အောင် စုံစမ်းစစ်ဆေးခြင်း၊ သက်သေအ ထောက်အထားများကို စုဆောင်းခြင်း။<br><br>၂။ သက်သေများကို လူတွေ့စစ်ဆေးမေးမြန်းခြင်းနှင့်လိုအပ်ပါက ဘာသာပြန်ခေါ်၍ ဘာသာပြန်စေခြင်း။<br><br>၃။ တရားခံကို ဖမ်းဆီးခြင်း။<br><br>၄။ မျှတမှုရှိသော တရားစီရင်ရေးစနစ်ဖြင့် ဥပဒေအတိုင်းအဆင့်ဆင့် ဆောင်ရွက်ခြင်း။<br><br>၅။ လျော်ကြေးပေးရန် ကမ်းလှမ်းသည့် အမှုများတွင် ရဲများမှ အနေဖြင့် ထိုဆွေးနွေးညှိနှိုင်းမှုတွင်ကြားဝင်ဖြန်ဖြေသူအဖြစ် ပါဝင်ဆောင် ရွက်ခြင်း။ |

| ကြုံတွေ့ နိုင်သော အခက်အခဲပြဿနာများ | ဆောင်ရွက်သင့်သည့် အရေးယူဆောင်ရွက်မှု အစီအစဉ်များ |
|---|---|
| • မျက်မြင်သက်သေသည့်သက်သေအနေဖြင့်ရဲအားတိုင်ကြားရန် ကြောက်လန့်နိုင်သည်။<br><br>• လာဘ်စားခြင်း– ရဲအား မုဒိမ်းမှုကျူးလွန်သူ သို့မဟုတ် (၎င်း)၏ မိသားစုက လာဘ်ထိုးနိုင် သည်။<br><br>• ရဲများ၏အပိုင်းမှ လိုက်ပါဆောင်ရွက်ရန်အားနည်းခြင်း။ ခွဲခြားဆက်ဆံရခြင်း (လိင်ကွဲပြားမှု ကြောင့်ခွဲခြားစွာမြင်သောအမြင်နှင့် ဆက်ဆံမှု (Gender) အဆင့်အတန်းခွဲခြားခြင်း၊ နိုင်ငံခြားသားကို မနှစ်မြို့ခြင်း စသည်များကြောင့်)<br><br>• ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် လျော်ကြေးငွေကို သယ်ဆောင်ရာ၌အခက်အခဲရှိခြင်းနှင့် အန္တရာယ်ရှိခြင်း။ | • NGO အဖွဲ့အစည်းများအနေဖြင့် တက်ကြွသောအခန်းကဏ္ဍမှနေ၍ ရဲများ၏ဆောင်ရွက်ချက်များကို မျက်ခြေမပြတ်စောင့်ကြည့်အကဲခတ်ပြီး အဂတိလိုက်စားသည်ဟုသံသယရှိသော မည်သည့်အမှုမျိုး ကိုမဆို ထိုင်းအစိုးရ၏ အဂတိလိုက်စားမှု နှိမ်နင်းရန်အတွက် ထိုင်းနိုင်ငံလူ့အခွင့် အရေးကော်မရှင်သို့ တိုင်ကြားနိုင်သည် သို့မဟုတ် ရဲသို့တိုင်ကြားရန်အတွက် ဆောင်ရွက်ရန်။ |

| | အဆင့် (၈) | ရွှေ့ပြောင်းနေထိုင်သူအမျိုးသမီးများအတွက် |
|---|---|---|
| ၈ | **တရားရုံး၌ အမှုကိုစွဲချက်တင်ရန်စောင့်ဆိုင်းခြင်း** | **NGOs နှင့်အမျိုးသမီးအဖွဲ့အစည်း၏အခန်းကဏ္ဍ**<br>၁။ စိတ်ပိုင်းဆိုင်ရာအရအကြံပေးခြင်းနှင့် ဆက်လက်ကူညီထောက်ပံ့ခြင်း။<br>၂။ မုဒိမ်းကျင့်ခံရသူကာယကံရှင်၏ ဆုံးဖြတ်ချက်အပေါ် လိုအပ်သလိုကူညီပံ့ပိုးခြင်း။<br>၃။ မုဒိမ်းကျင့်ခံရသူကာယကံရှင်များကို ပြုစုစောင့်ရှောက်ရန်အတွက်အမြန်ဆုံး စီစဉ်ဆောင်ရွက်ပါ။<br>၄။ မုဒိမ်းကျင့်ခံရသူအား ရှေ့နေနှင့်တွေ့ဆုံနိုင်ရန်အတွက် စီစဉ်ပေးပါ။<br>၅။ ဘာသာပြန်နိုင်သူအား ရှာဖွေပေးပါ။<br>**ရှေ့နေ၏အခန်းကဏ္ဍ**<br>၁။ မုဒိမ်းကျင့်ခံရသူအား တရားရုံး၏အမှုစီရင်ပုံကို အစမှအဆုံး ရှင်းပြခြင်း။<br>၂။ မုဒိမ်းကျင့်ခံရသူနှင့် တရားရုံးသို့လာရောက်ထွက်ဆိုမည့်သူများကို တရားခွင်နှင့်ကျွမ်းဝင်မှုရှိစေခြင်း။ တရားရင်ဆိုင်ရန်အတွက် တရားရုံးမတိုင်ခင်ကြိုတင်ပြင်ဆင်ထားခြင်း။<br>၃။ ဖြစ်နိုင်ချေရှိသော အခြေအနေအကျိုးသက်ရောက်မှုများကို ရှင်းပြထားခြင်း။<br>၄။ မုဒိမ်းကျင့်ခံရသူ၌ ဆုံးဖြတ်ချက်သော်ငြင်း အတွေးအခေါ် တစုံတရာပြောင်းလဲမှုဖြစ်ပေါ်ပါက သူမအတွက်ပြုလုပ်ပေးရန် အဆင်သင့်ဖြစ်ခြင်း။ |



Burmese ARM.pmd Su Su.pmd 44 17/12/2008, 10:08

| တွေ့ ကြုံနိုင်ဘွယ်ရာရှိသော အခက်အခဲများနှင့် ပြဿနာများ | ဆောင်ရွက်သင့်သည့်ဖြေရှင်းချက်များ |
|---|---|
| **အမှုတွင်ပါဝင်ပတ်သက်ဆုံးဖြတ်မည့်သူကိုယ်စားလှယ်များပို၍ ပါဝင်လာကြခြင်းကြောင့်–**<br><br>• ၎င်းတို့အချင်းချင်းကြား၊ ဆက်သွယ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးများ ပို၍ရှုပ်ထွေးမှုရှိ လာခြင်း။<br>• မုဒိမ်းကျင့်ခံရသူ၏ လိုလားချက်ဆန္ဒများအပေါ်နားထောင်ပေးရန် (သို့မဟုတ်) အရေးစိုက်ရန် ပျက်ကွက်လာနိုင်ခြင်း<br>• အမျိုးသမီးအဖွဲ့အစည်းအနေဖြင့်လုံခြုံသောနေရာထိုင် ခင်း စီမံမှုမပေးနိုင်ခြင်း | • အမျိုးသမီးအဖွဲ့အစည်းအား မုဒိမ်းကျင့်ခံရသူ၏အနီးစပ်ဆုံးအဖွဲ့အစည်းအဖြစ် အကျိုးလွှန်ခံ ရသူ၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်ခြင်းများကို ဦးဆောင်အရေးဆို၊ ပြောဆိုပေးသော ကဏ္ဍကို ပေးပါ။<br>• မုဒိမ်းကျင့်ခံရသူအတွက် လုံခြုံဘေးကင်းသောနေရာထိုင်ခင်းကိုအတူတကွပူးပေါင်းဆောင်ရွက်ခြင်းများအားဖြင့်စီမံပေးပါ။ |



Burmese ARM.pmd Su Su.pmd 45 17/12/2008, 10:08

| | အဆင့် (၄) | ရွှေ့ပြောင်းနေထိုင်သူအလုပ်လုပ်သူအမျိုးသမီးများ |
|---|---|---|
| ၄ | တရားရုံး၌ အမှုရင်ဆိုင်ခြင်း | ***NGO* ၏အခန်းကဏ္ဍ။**<br>၁။ မုဒိမ်းကျင့်ခံရသူနှင့် သက်သေများအတွက် လိုအပ်သော ပစ္စည်းများစီမံပေးခြင်း (အစားအစာ၊ နေရာထိုင်ခင်း၊ အဝတ်အထည်စသဖြင့် )<br>၂။ တရားရုံးသို့ မုဒိမ်းကျင့်ခံရသူအား အကြိုအပို့ကို တာဝန်ယူ ဆောင်ရွက်ခြင်း။<br>၃။ ရဲ့နေနှင့် အမျိုးသမီးအဖွဲ့အစည်းအကြား၌ လိုအပ်သလိုဆက်သွယ်ဆောင်ရွက်ခြင်း။<br>၄။ ဘာသာပြန်အတွက် အကြိုအပို့ကို စီမံဆောင်ရွက်ခြင်း၊ ဘာသာပြန်ရှိ၊ မရှိမေးခြင်း(တရားရုံးမှဘာသာ ပြန်အတွက်ကျခံရမည်ဖြစ်သည်)တရားရုံးမှ ဘာသာပြန်ခနှင့်ခရီးစရိတ်မရှိပါက NGO အဖွဲ့အစည်းမှ တာဝန်ယူပေးရန်။<br>၅။ တရားရုံးသို့သွားရာ၌ အဖော်လိုက်ပါခြင်း။<br><br>**ရဲ့ နေ၏အခန်းကဏ္ဍ။**<br>၁။ မုဒိမ်းကျင့်ခံရသူကာယကံရှင်၏ ကိုယ်စားလှယ်အဖြစ် တရားရုံး၌ဆောင်ရွက်ပေးခြင်း။<br>၂။ မုဒိမ်းကျင့်ခံရသူနှင့် လိုက်ပါသူများအားလုံးတို့ကို တရားရုံး၌ ဆောင်ရွက်ပုံအဆင့်ဆင့် ( ရုံးလုပ်ထုံးလုပ်နည်း )တို့ကို ရှင်းပြခြင်း။<br>၃။ တရားရုံး၊ အမျိုးသမီးအဖွဲ့အစည်းများ နှင့် (NGO) အကြားလိုအပ်သလိုဆက်သွယ်ဆောင် ရွက်ခြင်း။<br><br>**တရားရုံး၏အခန်းကဏ္ဍ**<br>၁။ တရားရုံးမှ မုဒိမ်းကျင့်သူနှင့်မုဒိမ်းကျင့်ခံရသူအား တရားရုံးတွင်စစ်ဆေးမေးမြန်ခြင်း<br>၂။ နောက်ထပ်ရုံးချိန်အတွက်ရက်သတ်မှတ်ပေးခြင်း<br>၃။ မုဒိမ်းကျင့်သူအပြစ်ရှိ၊ မရှိ နှင့် ထောင်ဒဏ်သက်တမ်းအားတရားရုံးနောက်ဆုံးနေ့တွင် ထုတ်ပြန်ကြေငြာခြင်း။ မုဒိမ်းကျင့်ခံရသူတွေအပြစ်(ဥပမာ – လိမ်ပြောခြင်း၊ အမှုဆင်ခြင်း) တို့ကိုတွေ့ရှိရပါက တရားမှ အပြစ်ပေးရန်ဆုံးဖြတ်မည်။ |



Burmese ARM.pmd Su Su.pmd 46 17/12/2008, 10:08

| အခက်အခဲပြဿနာများ | အကြံပြုချက်များ |
|---|---|
| • အမျိုးသမီးအဖွဲ့အစည်း အများစုမှာ ထိုင်းဘာသာစကားကိုမကျွမ်းကျင်သည့်အပြင် တရားမဝင်နေထိုင်သူများဖြစ်သောကြောင့်၊ မုဒိမ်းကျင့်ခံရသူအမျိုးသမီးကို အားပေးရန်တရားရုံးသို့သွားရာတွင် လိုက်ပါနိုင်သည့်အဖွဲ့ဝင်နည်းပါခြင်း။ | • အမှုအတွက်လိုက်ပါကူညီပေးမည့် စေတနာ့ဝန်ထမ်းတရားဝင်ရွှေ့နေမှရွှေ့ပြောင်းနေထိုင်သူများအားယာယီတရားဝင်အနေအထားတစ်ခုရရှိရန်နှင့် လုံ့ဆော်စည်းရုံးခြင်း။ ယင်းတို့အတွက် ထိုင်းစကားပြော သင်တန်းများဖွင့် လှစ်ပေးခြင်းနှင့် ဥပဒေသင်တန်းများဖွင့်လှစ်ပေးခြင်း<br><br>• ဥပဒေပိုင်းဆိုင်ရာ အကြံပေးနိုင်စွမ်းရှိသော ပြောင်းရွှေ့နေထိုင်သူအား လက်ခံလာစေရန်အတွက် နှိုးဆော်မှုတိုက်တွန်းများပြုလုပ်ရန်။<br><br>• တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများအား တရားဝင်နေထိုင်ခွင့်ရရန်အတွက် အလုပ်သမားကဒ်လုပ်ပေးရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ရွှေ့ပြောင်း အလုပ်သမားများအားထိုင်းစာသင်ကြားပေးရန် တိုက်တွန်း လှုံ့ဆော်ခြင်း |

| | အဆင့်(၁၀) | ရွှေ့ပြောင်းအလုပ်လုပ်သူများအမျိုးသမီးများ |
|---|---|---|
| ၁၀ | **စီရင်ချက်ချမှတ်ပြီး စီးခြင်း** | **အမျိုးသမီးအဖွဲ့အစည်းများ NGO နှင့်အမျိုးသမီးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ**<br>၁။ တရားရုံး၏ အမှုကြားနာစစ်ဆေးခြင်းအဆင့်ဆင့်ကို အသေးစိတ်အစီရင်ခံစာရေးသားခြင်း။<br>၂။ မိမိအဖွဲ့အစည်းအား မုဒိမ်းကျင့်ခံရသူကာယကံရှင်အတွက်လိုအပ်သော စိတ်ပိုင်းဆိုင် ရာနှစ်သိမ့်အကြံပေးခြင်း၊ အားပေးခြင်းလှုံ့ဆော်စည်းရုံးပေးခြင်း၊ ကူညီပံ့ပိုးပေး ခြင်းစသည်တို့ကို အချိန်တိုင်းအဆင်သင့်ဖြစ်နေစေခြင်း။<br>၃။ မှတ်တမ်းတင်ထားချက်များအား မည်ကဲ့သို့အသုံးချမည်ကို မုဒိမ်းကျင့်ခံရသူနှင့် တိုင်ပင်ဆွေးနွေးထားခြင်း။<br>၄။ တရားရုံး၏ အမှုစီရင်ချက်၌ အမှုရှုံးပါက ( အမှုကို ပလပ်ခြင်း) မုဒိမ်းကျင့်ခံရသူ နှင့် ဆွေးနွေးတိုင်ပင်၍ အခြားသင့်တော် သော နည်းလမ်းများကို ရှာဖွေခြင်း၊ မီဒီယာသတင်းနှင့် စာနယ်ဇင်းတို့ ကိုဆက်သွယ်ခြင်း၊ ကန့်ကွက်စာများတင်သွင်းခြင်း စသည်တို့ ဆောင်ရွက်ခြင်း<br>၅။ မုဒိမ်းကျင့်ခံရသူအား နေရင်းနိုင်ငံပြန်ပို့ပါက လူဝင်မှုကြီးကြပ်ရေးဌာန (တောမော)နှင့် ဆက်သွယ်၍ လိုအပ်သလိုညှိနှိုင်း ဆောင်ရွက် ခြင်း။<br><br>**လူဝင်မှုကြီးကြပ်ရေးဌာန (တောမော)၏အခန်းကဏ္ဍ**<br>၁။ မုဒိမ်းကျင့်ခံရသူ အမျိုးသမီးသည် မှတ်ပုံတင်းစာရွက်စာ တမ်းမရှိသောတရားမဝင်နေထိုင်သူဖြစ်ပါက သူမအား နေရင်းနိုင်ငံသို့ ပြန်ပို့ရန်စီစဉ်မည်။ |

| အခက်အခဲပြဿနာများ | အကြံပြုချက်များ |
| --- | --- |
| • တခါတရံတရားရုံး၏စီရင်ချက်သည် ပြစ်မှုတခုအတွက် ထိုက်တန်သည့်အရေးယူမှု ဖြစ်မနေခြင်း။<br><br>• အမျိုးသမီးအဖွဲ့အစည်းအနေဖြင့် အသံလွှင့်ဌာန၊ သတင်းနှင့်စာနယ်ဇင်း (မီဒီယာ)များနှင့် ထိရောက်ကောင်းမွန်သော ဆက်သွယ်နိုင်မှုမရှိခြင်း။ | • ကန့်ကွက်စာကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့ ဆက်လက်တင်သွင်းခြင်း။ အမှုအတွက် အသံလွှင့်ဌာန၊ သတင်းနှင့် စာနယ်ဇင်းအားလုံးကို အသိပေး အကြောင်းကြားဆက်သွယ်ခြင်း။<br>• သတင်းမီဒီယာအဖွဲ့အမည်များကိုစုဆောင်း၍ အမျိုးသမီးအဖွဲ့အစည်းနှင့် NGO အဖွဲ့တို့အနေဖြင့် ဤကိစ္စကိုနားလည်မှုပေးနိုင်သောသတင်းအချက်အလက်များကိုဆက်လက်ပေးပို့ခြင်း။ |

## ထိုင်းရာဇဝင်ဝတ်မှု ဥပဒေအရလိင်ပိုင်းဆိုင်ရာပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်၍ဖော်ပြချက်

ပုဒ်မ (၂၇၆) အရ အကြင်သူသည် တစ်ပါးသူအားမည်သည့်နည်းဖြင့်မဆို ခြိမ်းချောက်၍၄င်း၊ မိမိကိုယ်ကိုပြန်လည်ခုခံနိုင်စွမ်းမရှိအောင်အင်အားသုံး၍ ၄င်းမုဒိမ်းမှုကျူးလွန်ပါက အနည်းဆုံးထောင်ဒဏ် (၄) နှစ်မှ အနှစ် (၂၀)အထိ ၊ ၄င်းအပြင် အနည်းဆုံးဘတ် (၈၀၀၀) မှ (၄၀၀၀၀) သောင်းအထိပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

အပိုဒ် (၁)တွင် ဖော်ပြထားသောကျူးလွန်ခြင်းဆိုသည်မှာ သူတပါး၏ လိင်အင်္ဂါသို့၄င်း၊ စအိုတွင်းသို့၄င်း၊ ပါးစပ်ဖြင့်၄င်း၊ လိင်တံဆာအတုဖြင့်လိင်မှုကိစ္စကျူးလွန်ခြင်း (သို့မဟုတ်) အရာဝတ္ထုပစ္စည်းများ ထည့်သွင်းအသုံးပြု၍လိင်မှုကိစ္စကျူးလွန်ခြင်း ကိုဆိုလိုသည်။

အပိုဒ် (၁)ပါပြစ်မှုကျူးလွန်ခြင်းတွင် အကယ်၍ချွန်မြသောအရာ (သို့မဟုတ်) သေနတ်(သို့မဟုတ်) ဖောက်ခွဲပစ္စည်းဖြင့်အန္တရာယ်ပြု၍ဖြစ်စေ၊ တစ်ဦးထက်ပိုသော အုပ်စုလိုက်ဖြစ်စေမုဒိမ်းမှုကျူးလွန်ပါက တရားဥပဒေအရထောင်ဒဏ်အနည်းဆုံး (၁၅) နှစ်မှ (၂၀) နှစ်အထိ၊ ၄င်းအပြင် ဒဏ်ငွေအနည်းဆုံး ဘတ် (၃၀၀၀၀)သောင်းမှ (၄၀၀၀၀) သောင်းအထိ (သို့မဟုတ်) ထောင်ဒဏ် တစ်သက်တကျွန်အထိပါ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်သည်။

အပိုဒ်(၁)ပါ ပြစ်မှုကျူးလွန်ခြင်းတွင် လင်မယားအချင်းချင်းဖြစ်ပါက တရားဝင်လက်ထပ်သည်ဖြစ်စေ၊ တရားမဝင်လက်ထပ်သည်ဖြစ်စေ အကြင်လင်မယားအဆင့်ထိ ဆက်လက်ပေါင်းသင် နေထိုင်သွားမည်ဆိုပါက တရားရုံးမှ ထိုအမှုကိုဥပဒေအရ ပြဋ္ဌာန်းထားသည့်ထက်နည်းသော ထိုက်သင့်သည့်ပြစ်ဒဏ် (သို့မဟုတ်) ငွေ ဒဏ်ချမှတ် မည်ဖြစ်သည်။ တရားရုံးမှပြစ်ဒဏ်ချမှတ်၍ အဆိုပါ ဇနီး (သို့မဟုတ်) ခင်ပွန်းတစ်ဖက်ဖက်မှ ဆက်လက်ပေါင်း သင်းနေ ထိုင်လိုခြင်းမရှိတော့ပဲ ကွာရှင်းလိုပါကကွာရှင်းလိုသည်ဖက်မှ တရားရုံးသို့ အကြောင်း ကြားရမည်ဖြစ်သည်။ တရားရုံးရှေ့ နေမှဆက်လက်အမှုဖွင့်၍ ကွာရှင်းပေးရမည်ဖြစ်သည်။
ပုဒ်မ ၂၇၇ အရ



Burmese ARM.pmd Su Su.pmd 49 17/12/2008, 10:08

မည်သူမဆို အသက် (၁၅)နှစ် မပြည့်သေးသောမိမိဇနီး၊ ခင်ပွန်းမဟုတ်သူအား အလိုသူသည်ဖြစ်စေ၊ အလိုမတူသည်ဖြစ်စေ မုဒိမ်းမှုကျူးလွန်ပါက တရားဥဒေအရထောင်ဒဏ်အနည်းဆုံး (၄) နှစ်မှ နှစ် (၂၀)အထိ၊ ၎င်းအပြင် ငွေဒဏ်ဘတ် (၈၀၀၀) မှ ဘတ်(၄၀၀၀၀)သောင်းအထိပါ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်သည်။

ပုဒ်မ၂၇၇ အပိုဒ် (၁)တွင်ဖော်ပြထားသော ကျူးလွန်ခြင်းဆိုသည်မှာသူတပါး၏လိင်အင်္ဂါသို့၎င်း၊ စအိုတွင်းသို့၎င်း၊ ပါးစပ်ဖြင့်၎င်း၊ တံဆာဖြင့်လိင်မှုကိစ္စကျူးလွန်ခြင်း (သို့မဟုတ်) အရာဝတ္ထုပစ္စည်းများထည့်သွင်းအသုံးပြု၍လိင်မှုကိစ္စ ကျူးလွန်ခြင်းကိုဆိုလိုသည်။

ပုဒ်မ ၄ အပိုဒ် (၁) တွင်ဖော်ပြထားသောကျူးလွန်မှုသည် အသက် (၁၃) နှစ်ထက်မပိုသော ကလေးသူငယ်အပေါ်ကျူးလွန်ပါကထောင်ဒဏ်အနည်းဆုံး (၇)နှစ်မှ နှစ် (၂၀)အထိ၊ ၎င်းအပြင် ငွေဒဏ် အနည်းဆုံး ဘတ် (၁၀၀၀၀)သောင်းမှ ဘတ် (၄၀၀၀၀)သောင်းအထိ သို့မဟုတ် ထောင်ဒဏ်တသက်ထိ ပြစ်ဒဏ် ချမှတ်ခြင်းကိုခံရမည်။

ပုဒ်မ ၄ အပိုဒ် (၁) သို့မဟုတ် အပိုဒ် (၃) တွင်ဖော်ပြထားသောကျူးလွန်မှုတွင် မိန်းကလေးဖြစ်စေ၊ ယောကျာ်းလေးဖြစ်စေ၊ အလိုမတူပဲအုပ်စုလိုက်သော်၎င်း၊ ချွန်မြသောလက်နက်၊ သေနတ်၊ ဖောက်ခွဲပစ္စည်းသုံး၍သော်၎င်းကျူးလွန်ပါက ထောင်ဒ်တစ်သက်အထိပြစ်ဒဏ်ပေးခြင်းကို ခံရမည်ဖြစ်သည်။

အပိုဒ် (၁) တွင်ဖော်ပြထားသောကျူးလွန်မှုတွင် အသက် (၁၈)နှစ်ထက်မကျော်သောသူက အသက် (၁၃) နှစ်အထက် (၁၅) ထက်မကျော်သော သူအားအလိုတူအလိုပါ ကျူးလွန်ပြီးစေ့စပ်ညှိနှိုင်း၍ တရားရုံးမှ နှစ်ဦးနှစ်ဖက်အား လက်ထပ်ထိမ်းမြားခွင့်ပြုလိုက်ပါကကျူးလွန်သူမှာ ပြစ်ဒဏ်မခံရနိုင်။ ပြစ်ဒဏ်ပေးမှုကိုခံယူနေစဉ်အတောအတွင်းဖြစ်ပါကလည်း တရားရုံးမှထိမ်းမြားခွင့်ပြုလျှင် အဆိုပါကျူးလွန်သူကို အပြစ်မှကင်းလွတ်ခွင့်ပေးရမည်ဖြစ်သည်။

## အိမ်တွင်းအကြမ်းဖက်ခံရသူများအားကာကွယ်စောင့်ရှောက်သောဥပဒေပြဌာန်းချက်

(ထိုင်းသက္ကရာဇ် ၂၅၅၀ နှစ်)

"အိမ်တွင်းအကြမ်းဖက်မှု" ဆိုသည်မှာအိမ်တွင်း မိသားစုဝင်များအပေါ် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ ကျန်းမာရေးအပေါ်ထိခိုက်မှုဖြစ်အောင် တမင်ရည်ရွယ်၍ မတရားနိုင်ထက်စီးနင်းအနိုင်ကျင့်ခြင်း၊ နှိပ်စက်ခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်း၊ ခိုင်းစေခြင်း သို့မဟုတ်ဟန့်တားခြင်းစသဖြင့် တစ်နည်းနည်းဖြင့် ပြုမူခြင်းကိုဆိုလိုသည်။ သို့သော်အဆိုပါကိုယ်စိတ်၊ ကျန်းမာရေးထိခိုက်အောင်အမှတ်တမဲ့ပြုမူမိခြင်းမပါဝင်ပါ။

"မိသားစုဝင်"ဆိုသည်မှာ တရားဝင်လက်ထပ်ထားသူဇနီး၊ ခင်ပွန်း သို့မဟုတ် ဇနီး၊ ခင်ပွန်းဟောင်း၊ တရားမဝင်သော်လည်း အကြင်လင်မယားကဲ့သို့ အတူတကွပေါင်းသင်းနေထိုင်သူဇနီးခင်ပွန်း၊ သား၊ သမီးရင်းခြား၊ မွေးစားသားသမီး၊ မှီခိုသူများအပါအဝင်တအိမ်တည်းအတူတကွနေထိုင်သူများအားလုံးကိုဆိုလိုသည်။

ပုဒ်မ (၄)အရ

မည်သူမဆိုအိမ်တွင်းအကြမ်းဖက်မှုကိုကျူးလွန်ခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုဖြစ်စေသော အခြေခံအချက်များကိုကျူးလွန်ခြင်းထင်ရှားပါက ထောင်ဒဏ်အများဆုံး (၆) လ (သို့မဟုတ်) ဒဏ်ငွေ (၆၀၀၀) ဘတ် ထပ်မပို (သို့မဟုတ်) ထောင်ဒဏ်၊ ငွေဒဏ် နှစ်ခုလုံးဖြင့်ပြစ်ဒဏ်ပေးခြင်းခံရမည်။

အဆိုပါအိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်ခြင်းတွင် စေ့စပ်ညှိနှိုင်းခြင်းဖြင့်ဖြေရှင်းနိုင်ပါသည်။ သို့သော်ရာဇဝတ်မှုဥပဒေအရပြဌာန်းထားသောပြစ်မှု၊ ပြစ်ဒဏ်နှင့်အခြား ဥပဒေများကိုချိုးဖောက်မှုများ စွက်ဖက်ပါဝင်ပါကထိုပြစ်မှုများကိုဖျောက်ဖျက်၍မရပါ။ ခန္ဓာကိုယ်နာကျင်အောင်ပြုကျင့်သော အခြေခံအိမ်တွင်းအကြမ်းဖက်မှုတွင် ပုဒ်မ ၂၉၅ အရ စေ့စပ်ညှိနှိုင်းခြင်းဖြင့်ဖြေရှင်း၍ရနိုင်သည်။



Burmese ARM.pmd Su Su.pmd 50 17/12/2008, 10:08

## နောက်ဆက်တွဲ (၁)

၁။ ဆေးရုံနှင့် ကျန်းမာရေးဌာနများ

၂။ OSCC အရေးပေါ်တထောက်နား ဆေးကုဌာန

၎င်းဌာနများသည် ဆေးရုံများ၌ ရှိကြသည်။

၃။ အရေးပေါ်ဌာတွင်ကျန်းမာရေးစစ်ဆေးခြင်း (အဓိကလိုအပ်ချက်များ)

၄။ စိတ်ပိုင်းဆိုင်ရာ အကြံပြုပေးခြင်း

၅။ ဆေးမှတ်တမ်း (အစီရင်ခံစာ) ဖြည့်စွက်ခြင်း

– အကယ်၍ ကာယကံရှင်က ရဲစခန်းသို့ မသွားလိုပါက အရေးပေါ်ဌာနမှ ရဲကိုဌာနသို့ လာရောက်ရန် ဆင့်ခေါ်နိုင်သည်။ ရဲဝန်ထမ်းမှ ရဲအမျိုးသမီးအရာရှိဖြစ်သင့်ပြီး၊ စိတ်ပိုင်းဆိုင်ရာ အကြံပေးများလည်းရှိနေသင့်သည်။

– နစ်နာသူအမျိုးသမီးမှ ရုပ်သံဖမ်းစက်ပေါ်၌ ထွက်ဆိုချက်ပေးနိုင်သည်။

– ၎င်းဌာနသည် ဥပဒေနှင့်ညီညွတ်သော အကူညီများကိုလည်း ကူညီပေးသင့်သည်။

### OSCC (One Stop Crisis ServiceCenter) ရှိသောဆေးရုံများ

| ဘန်ကောက်နယ်မြေ | |
|---|---|
| ၁။ ဝချီးရာဖယားပန်းဆေးရုံ (Medical Faculty and Wachira hospital) | ဖုန်း ၀၂ ၂၄၄၃၂၇၇ – ၈<br>ဖက်(စ်) ၀၂ ၂၄၁၄၅၁၇ |
| ၂။ ကလန်း(န်)ဆေးရုံ (Central Hospital) | ၀၂ ၂၂၁ ၆၁၄၁–၅၀ |
| ၃။ ထာ့က်ဆင်ဆေးရုံ (Taksin Hospital) | ၀၂ ၄၃၇ ၁၂၀၆ |
| ၄။ ချားလ်လွန်ကွန်ပချားရတ်(ခ်) ဆေးရုံ (Charoen Krun Pracharak Hospital) | ၀၂ ၂၈၉၇၀၀၀ |
| ၅။ နောင်ကျော်ဆေးရုံ (Nong Jokk Hospital) | ၀၂ ၅၄၃ ၁၃၀၇ |
| ၆။ လုန်ထဝီဆတ်ဆေးရုံ (Lung Por Taweesak) | ၀၂ ၄၂၉ ၃၅၇၄ –၉ |
| ၇။ လ(ခ်) ကရပင် ဆေးရုံ (Lak Krapang) | ၀၂ ၃၂၆ ၇၇၁၁ |



Burmese ARM.pmd Su Su.pmd 51 17/12/2008, 10:08

| | |
|---|---|
| **အလယ်ပိုင်းတိုင်း** | |
| ၁။ ဖိုးထားရမ်းဆေးရုံ (Phaothatam) | ၀၃၂ ၃၅၅ ၃၀၀- ၁၅<br>လိုင်းခွဲ ၄၇၉ ၄၈၀ |
| ၂။ ရာချ်ဘူရီဆေးရုံ (Ratchaburi) | ၀၃၂ ၃၂၇ ၉၀၁-၈<br>လိုင်းခွဲ ၁၃၀၇ |
| ၃။ ဆုမ်တိတ်ဖရဖွတ်ဖလတ်လ (Somdetphraphutthartla) | ၀၃၄ ၇၁၁၂၄၈<br>လိုင်းခွဲ ၆၁၁၈ |
| ၄။ ဆရာဘူရီဆေးရုံ (Saraburi) | ၀၃၆ ၃၁၆ ၅၅၅၊ ၀၃၆-၂၂၂၃၈၁-၂၂၂ |
| ၅။ ဘန့်မီဆေးရုံ (Banmee) | ၀၃၆ ၄၇၂ ၀၅၁ |
| ၆။ ပထုမ်ဌာနီဆေးရုံ (Pathum Thani) | ၀၂ ၅၉၈ ၈၈၈၈ |
| **မြောက်ပိုင်းတိုင်း** | |
| ၁။ မဟာရတ့်ချ်ဆေးရုံ (ဆွန် ဒေါက်) | ၀၅၃ ၉၄၇ ၀၀၀ |
| ၂။ နခွမ်းဖိင်းဆေးရုံ (Nakronping) | ၀၅၃ ၉၉၉၂၀၀ |
| ၃။ ချင်းရိုင်းပရာချာနခေါ့်ဆေးရုံ (Chai Rai Prachanukhor) | ၀၅၃ ၇၁၁ ၃၀၀ |
| ၄။ ချင်းခမ်ဆေးရုံ (Chaingkam) | ၀၅၄-၄၅၁-၃၀၀-၁<br>လိုင်းခွဲ ၃၁၆ |
| ၅။ ဖယောင်းဆေးရုံ (Phayao) | ၀၅၄ ၄၁၀ ၅၁၁ |
| ၆။ ဖွတ်ဖူ့ထရှိနာရတ်ဆေးရုံ (Praphutthachinnarat) | ၀၅၅-၂၁၉၈၄၄ |
| ၇။ ဖရဲ့ဆေးရုံ (Phare) | ၀၅၄ ၅၃၃၅၀၀ |
| ၈။ လမ်းပန်ဆေးရုံ (lamphang) | ၀၅၄ ၂၂၃၆၂၃-၃၁<br>လိုင်းခွဲ ၁၂၀၀-၁ ၀၅၄ ၂၁၇၀၄၅ |
| ၉။ လွေး (Lei Hospital) | ၀၄၂ ၈၁၁ ၆၇၉ |
| ၁၀။ ဥဒရတစ် (Uttaradit) | ၀၅၅ ၀၅၅ ၄၁၁၀၆၄<br>လိုင်းခွဲ ၂၁၄၉ |

| အရှေ့ပိုင်းတိုင်း | |
|---|---|
| ၁။ ချွန်းဘူရီဆေးရုံ (Chon Buri) | ၀၃၈ ၉၃၁ ၀၀၀ |
| ၂။ ရယောင်းဆေးရုံ (Rayong) | ၀၃၈ ၆၁၁၁၀၄ |
| **အရှေ့မြောက်ပိုင်းတိုင်း** | |
| ၁။ ခွန်ကဲဉ်ဆေးရုံ (Khon Khaen) | ၀၄၃ ၃၃၇၉၅၈ – ၉ |
| ၂။ မဟာရတ်နခွမ်းရာ့ချ်ဆီမာဆေးရုံ (Maharai Nakhon Ratchasima) | ၀၄၄ ၂၃၄ ၉၉၀ –၉ |
| ၃။ လွဲ့အစ်ဆေးရုံ (Roi Et) | ၀၄၃ ၅၁၈ ၀၀၀ |
| ၄။ ဥဒွန်းဌာနီဆေးရုံ (Udon Thhani) | ၀၄၂ ၂၄၄ ၂၄၉<br>၀၄၂ ၃၄၈ ၂၄၈ |
| ၅။ အမ်နတ့်စရိန်းဆေးရုံ (Amnat Charoen) | ၀၄၅ ၅၁၁၉၄၀– ၈ |
| **တောင်ပိုင်းတိုင်း** | |
| ၁။ ကရာဘီဆေးရုံ (Karbi) | ၀၇၅ ၆၁၁၂၀၂ |
| ၂။ ချွန်းဖောင်းဆေးရုံ (Chumporn) | ၀၇၇ ၅၀၃၆၇၂ |
| ၃။ တကိုပါဆေးရုံ (Takruapha) | ၀၇၆ ၄၂၀၇၇၀ |
| ၄။ ယလားဆေးရုံ (Yala) | ၀၇၃ ၂၄၄ ၇၁၁ |
| ၅။ စူရတ်ဌာနီဆေးရုံ (Suratthani) | ၀၇၇ ၂၇၂၂၃၀ ၊<br>၀၇၇ ၂၇၂၂၃၀ |
| ၆။ ဖူးကစ် ( Phuket Hospital) | ၀၇၆ ၂၁၂၉၅၀ |

မှတ်ချက်။ သင်နေထိုင်ရာဒေသတွင် အရေးပေါ် အထူးကုဆေးရုံများ (OSCC) ရှိပါက ထပ်မံဖြည့်စွက်နိုင်ပါသည်။ မရှိပါက ပြည်သူဆေးရုံများတွေ ဆက်သွယ်နိုင်ပါသည်။

## နောက်ဆက်တွဲ (၂)

### *အရေးပေါ်ပဋိသန္ဓေတားဆေးပြား၊ အီးစီပီအက်စ် (ECPs)*

• အရေးပေါ်ပဋိသန္ဓေတားဆေးဆိုသည်မှာ အဘယ်နည်း။

အရေးပေါ်ပဋိသန္ဓေတားဆေးဆိုသည်မှာ လိင်(ကာမ)ဆက်ဆံပြီးချိန်မှ ၇၂ နာရီအတွင်း သောက်ရန်ဖြစ်ပြီး၊ ၎င်းဆေး၏အာနိသင်မှာ ကလေး(ကိုယ်ဝန်) မရရှိအောင် ကာကွယ်တားဆီးနိုင်သည်။ ဤဆေးများကိုအရေးပေါ်အခြေအနေများ၌သာ သုံးသင့်သည်။ မုဒိမ်းမှုများ၌ ကျူးလွန်သူက ၎င်း၏လိင်အင်္ဂါကို မည်သည့် ကာကွယ်မှုမှ မပြုလုပ်ဘဲ လိင်ဆက်ဆံခြင်း(သို့) လိင်တံစွပ်ကွန်ဒွန် ပေါက်ခြင်း စသောအခြေအနေမျိုးတွင်သုံးရန်ဖြစ်သည်။ အမျိုးသမီးအဖွဲ့အစည်းများ အနေဖြင့် ၎င်းပဋိသန္ဓေတားဆေးကို အရေးပေါ်ကိစ္စများအတွက် အရံသင့်ထားရှိသင့်သည်။

### *အီးစီပီအက်စ် အမျိုးအစား ဘယ်နှစ်မျိုးရှိပါသလဲ။*

• အီးစီပီအက်စ် ပဋိသန္ဓေတားဆေး အမျိုးအစား နှစ်မျိုးရှိရာ၊ ၎င်းတို့မှာ ပရိုဂျက်စတင်ဆေးပြား (POPs)နှင့် ပေါင်းစပ်သောက်ဆေး (COCs) ဖြစ်သည်။

### *POPs(ပဋိသန္ဓေတားဆေးပြား)*

• လီဗိုနိုဂျက်စတယ်(လ်) ခေါ် 'မ'ဟော်မုန်းတမျိုးထဲသာရှိပြီး၊ ဆေးတစ်လုံးတွင် လီဗိုနိုဂျက်စတယ်(လ်) ၀၏၇၅မီလီကရမ်းပါဝင်၏။ ထိုင်းနိုင်ငံ၌ (Postinor) ပိုစတင်နာ အမည်ဖြင့်ရောင်းချပြီး၊ ဆေးဘူး ၁ဘူးတွင် ဆေးကဒ် နှစ်ကဒ်ပါရှိ၏။ဆေးဘူးတဘူး ဈေးနှုန်းမှာ ၃၅ ဘတ်ဖြစ်သည်။ ပထမဆုံးဆေးလုံးကို လိင်အကာအကွယ်မရှိဘဲ လိင်ဆက်ဆံပြီးနောက်၇၂နာရီအတွင်း သောက်ရမည်၊ ဒုတိယဆေးလုံးကို ပထမဆေးသောက်ပြီးနောက် ၁၂နာရီကြာပြီးမှထပ်သောက်ရမည်ဖြစ်သည်။

• ပထမဆုံးဆေးလုံးကို ၇၂ နာရီကြာအောင်မစောင့်ဘဲ ဖြစ်လျှင်ဖြစ်ခြင်း အမြန်ဆုံးသောက်နိုင်လျှင် ပို၍ထိရောက်သည်၊ စိတ်ချရသည်။ ၂၄ နာရီအတွင်း၌သောက်လျှင် ၉၅ ရာခိုင်နှုန်းမျှ စိတ်ချရ၍၊ ၇၂ နာရီအတွင်းသောက်သုံးပါက ၈၅ရာခိုင်နှုန်းစိတ်ချရသည်။

### *COCs (ပဋိသန္ဓေတားဆေး)*

- ၇၂ နာရီအတွင်းသောက်သုံးပါက ၅၇ရာခိုင်နှုန်း စိတ်ချရ၍၊ ၂၄ နာရီအတွင်း သောက်ပါက ၈၅ ရာခိုင်နှုန်း စိတ်ချရပါသည်။
- လီဗိုနိုဂျက်စတယ်(လ်)ခေါ် 'မ'ဟော်မုန်းနှင့် အီသိုင်းအက်စ်တာတွယ် ခေါ် 'မ'ဟော်မုန်းနှစ်မျိုး ပေါင်းစပ်ပါဝင်သည်။
- ထိုင်းနိုင်ငံရှိ ဆေးအရောင်းဆိုင်များတွင် ၎င်းဆေးကို ကဒ်လိုက်၊ အစုံလိုက်ရောင်းချသည်။ အရေးပေါ်သန္ဓေတားဆေး (၇၂ )နာရီအတွင်းသုံးဆေးဟု သေချာအောင် မေး၍ ဝယ်ပါ။ ဈေးနှုန်းမှာ တစုံကို ဘတ် ၆၀ မှ ၁၀၀ ကြားရှိသည်။

### *ထိုင်းနိုင်ငံတွင် အရေးပေါ်သန္ဓေတားဆေးဝယ်ယူရန် မည်ကဲ့သို့ မေးရမည်နည်း။*

- ထိုင်းဘာသာစကားဖြင့် အများကခေါ်ဝေါ်သည့် စကားလုံးမှာ– (ယာမြစ်ခွန်း(မ်) ကမ်နွက်၊ ချုပ်ချိမ်) ဖြစ်သည်။
- သို့သော် POP ဆေးပြားလိုချင်ပါက (ပို့စတီးနာ) ဟု မေးပါ။

### *ECPs ကို မည်သူများသုံးနိုင်သနည်း။*

• အရွယ်ရောက်ပြီးသည့်အမျိုးသမီးတိုင်း သုံးနိုင်သည်။ ခေါင်းတစ်ခြမ်းကိုက်ရောဂါ(မိုက်ကရိမ်း)၊ နှလုံးအားနည်းခြင်းနှင့် သွေးကြောကျဉ်းရောဂါရှိသူများ၊ အသည်းခြောက်ရောဂါရှင်များအတွက် သောက်သုံးရန် မသင့်လျော်ပါ။

### *ECPs သန္ဓေတားဆေးသောက်သုံးခြင်းကြောင့် အခြားဘေးထွက်ဝေဒနာများခံစားနိုင်ပါသလား။*

"ခံစားနိုင်"ပါသည်။ ၎င်းတို့မှာ –

- မူးမော်ခြင်း၊ 'ပျို့'ခြင်း၊
- အော့အန်ခြင်း၊
- ခေါင်းကိုက်ခြင်း၊
- မူးဝေခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊
- နို့တင်းခြင်း၊နာကျင်ခြင်း၊
- အချိန်မတိုင်ဘဲ သွေးဆင်းခြင်း၊
- ရာသီသွေးထိမ်ခြင်း

ဤလက္ခဏာများသည် ဒုတိယဆေးလုံးသောက်ပြီး ၂၄နာရီအတွင်း၌သာဖြစ်၍ ဝေဒနာခံစားချိန်ကြာရှည်မည် မဟုတ်ပေ။ ပျို့ခြင်း၊ အော့အန်ခြင်း၊ မူးဝေခြင်းဝေဒနာ တို့ကို POPs သောက်ခြင်းထက် COCs သောက်သည့်အခါ၌ ပိုမို အဖြစ်များသည်။ မူးဝေခြင်းမဖြစ်ရန် (Antiemetic drugs) အမူးကာကွယ်သည့်ဆေးကို သောက်သုံး၍ သက်သာနိုင်ပါသည်။

### *အကြံပေးရမည့် အချက်များ*

- ဆေးသောက်ရမည့် အကြိမ်၊ တကြိမ်တွင် ဆေးဘယ်နှစ်ပြားသောက်ရမည် ။
- အမူးကာကွယ်ဆေးကိုသောက်သုံးခြင်းဖြင့် ပိုစတင်ဂျင်ပါသန္ဓေတားဆေးကြောင့် ဖြစ်တတ်သောပျို့ခြင်း၊ အော့အန်ခြင်းတို့ကိုသက်သာစေနိုင်သည်။
- ပိုစတင်ဂျင် ပါသောသန္ဓေတားဆေးပြားက ပျို့ခြင်း၊ အော့အန်ခြင်းနှင့် မူးခြင်းတို့ကို အဖြစ်နည်းစေ၏။
- လိင်အကာအကွယ်မရှိဘဲ လိင်ဆက်ဆံပြီးနောက် ၇၂ နာရီအတွင်း သောက်သုံးရန်နှင့် အချိန်စော သောက်သုံးနိုင်လေ၊ အကျိုးရှိလေဖြစ်သည်။
- အကယ်၍ ရာသီသွေးဆင်းချိန်တွင် ပုံမှန်လာချိန်ထက် တပတ်နောက်ကျနေပါက ကိုယ်ဝန်ရှိမရှိ စစ်ဆေးရန် အကြံပြုပါ။
- ဆေးသောက်ပြီးချိန်မှ ၂ နာရီအတွင်း အန်ပါက ဆေးကို နောက်တကြိမ်ပြန်သောက်ရန် တချို့ပညာရှင်များကအကြံပြုသည်။
- ECPs သန္ဓေတားဆေးများကို ဆေးဆိုင်များ၌ မေးမြန်းစုံစမ်းနိုင်သည်။
- ECPs အရေးပေါ်သန္ဓေတားဆေးသည် ရာသီသွေးကို ချက်ချင်းမလာစေနိုင်ပါ။ ပုံမှန်ထက် ရက်အနည်းငယ်စောခြင်း (သို့မဟုတ်)နောက်ကျခြင်း ရှိနိုင်သည်။

MAP Foundation
P.O.Box 7. Chiangmai University, Chiang Mai 50202
Tel/Fax: 053 811 202
E-mail: map@mapfoundationcm.org

အခမဲ့ ဖြန့်ချိသည်

ISBN. 978-974-604-731-9

*Website: www.mapfoundationcm.org*